# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၁၂)၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ ၁၂-၁၀-၂၀၂၄၊ စနေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၁၁

၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊

စာမျက်နှာ ၃ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုအများဆုံးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်စဉ်။

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ်ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

(မိုး/ဇလ)

ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၁၂) ရက်မြောက်နေ့ ကောက်ယူနေပါသည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်၊ စနေနေ့။

## ဆီထွက်သီးနှံ မြေပဲနှင့် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိ

ပဲခူးမြို့နယ်၊ ရွာသစ်ကျေးရွာ၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင်အစုအဖွဲ့များ ဖွဲ့စည်း၍ Green House စနစ်ဖြင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးနေလျက်ရှိပြီး အကျိုးအမြတ်ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

Green House စနစ်ဖြင့် ဟင်းသီးဟင်းရွက်များ စမ်းသပ်စိုက်ပျိုးရာတွင် ပညာရှင်များ အကြံပြုချက်များ အတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်၍ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များ၊ အကျိုးအမြတ်ရရှိမှုများကို စနစ်တကျ မှတ်တမ်းတင်ထားရှိရမှာ ဖြစ်ကြောင်း၊ အကျိုးအမြတ်အများဆုံးရရှိသည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးသွားရန်နှင့် ရာသီအလိုက်စိုက်ပျိုးသင့်သည့် သီးနှံများ စိုက်ပျိုးသွားရန်လိုအပ်ကြောင်း၊ Green House အသုံးပြုစိုက်ပျိုးနိုင်သည့် ဒေသများတွင် ဆောင်ရွက်သင့်သည့် အစုအဖွဲ့ Model များ ဖော်ထုတ်ပြီး တိုးချဲ့ဆောင်ရွက်နိုင်ရေး စည်းရုံးဆောင်ရွက်သွားရန် လိုအပ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ဆွေးနွေးမှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ဆီထွက်သီးနှံ စိုက်ပျိုးသူများအား နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ တာဝန်ရှိသူများကလည်း မျိုးကောင်းမျိုးသန့်၊ သွင်းအားစုဓာတ်မြေဩဇာများကို အရည်အသွေးမှန်ကန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် တောင်သူများ လက်ဝယ်အချိန်မီရောက်ရှိရေး စီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ထွက်ရှိလာသော သီးနှံများကိုလည်း ဈေးကွက်ရရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒါ့အပြင် သမဝါယမချေးငွေများ၊ မြစိမ်းရောင်(နေကြာဆီထွက်သီးနှံ) စီမံကိန်းမှ ချေးငွေများဖြင့် ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းအောင်မြင်စေရေး သက်ဆိုင်ရာဌာနဝန်ထမ်းများမှ တောင်သူများ နားလည်အောင် စည်းရုံးဆွေးနွေးရမှာဖြစ်ကြောင်း၊ လိုအပ်သောနည်းပညာနှင့် ဝန်ဆောင်မှုများကို ဌာနများမှ ပူးပေါင်းဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ ကျေးရွာတောင်သူများအနေဖြင့်လည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

သို့ဖြစ်ရာပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချရန်အတွက် ဆီထွက်သီးနှံ မြေပဲနှင့် နေကြာတိုးချဲ့စိုက်ပျိုးရန် နိုင်ငံတော်ဝန်ကြီးချုပ်က မူဝါဒလမ်းညွှန်ထားပြီးဖြစ်ရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။

## ကျောက်ဆည် ဆင်အက အလှပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဆင်အဖွဲ့များ ကြိုတင်လေ့ကျင့်နေ



**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့တွင် ရိုးရာအစဉ်အလာမပျက် ဆင်အကအလှပြိုင်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်(အောက်တိုဘာ ၁၆) ရက်တွင် ကျောက်ဆည်မြို့၊ ရွှေသာလျောင်းတော်ခြေရှိ ဝတ္တကမြေတွင် ပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ကြမည့် ဆင်အဖွဲ့များက ကြိုတင်လေ့ကျင့်နေကြသည်။

"အနော်ရထာမင်းလက်ထက်က စပြီး နှစ်စဉ်ကျင်းပတဲ့ ပွဲဖြစ်တာကြောင့် နှစ်ပေါင်း ၉၀၀ ကျော်ခဲ့ပြီ။ ဆင်အကအလှပြိုင်ပွဲက ကျောက်ဆည်မြို့ဂုဏ်ဆောင်တဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ ဒီနှစ်မှာလည်း ပြိုင်ပွဲဝင်ကြမယ့် ဆင်အဖွဲ့တွေက ကြိုပြီးလေ့ကျင့်ကြတယ်"ဟု ပြိုင်ပွဲဝင်မည့် ဆင်အဖွဲ့ခေါင်းဆောင်တစ်ဦးက ပြောသည်။

အဆိုပါ ပြိုင်ပွဲတွင် ရိုးရာဆင်(လူကြီးအဖွဲ့)၊ ရိုးရာဆင်(ကလေးအဖွဲ့)နှင့် တီထွင်ဆန်းသစ်မှုဆင်နှင့် ဘော်ကြယ်ဆင်ဟူ၍ ပြိုင်ပွဲ လေးမျိုး ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ယခုနှစ်တွင် ပြိုင်ပွဲဝင်ရောက်ကြမည့် ဆင်အဖွဲ့ ၁၀ ဖွဲ့ ရှိသည်။

"ပြိုင်ပွဲမှာ ယှဉ်ပြိုင်ရမယ့် အချိန်ကို မိနစ် ၂၀ ပေးထားပြီး ပထမ ၁၀ မိနစ်မှာ ရှေးရိုးမပျက် တူရိယာ ၅ မျိုးနှင့် ကပြပြီးရင် ဒုတိယ ၁၀ မိနစ်တွင် စိတ်ကြိုက်ကပြနိုင်ပါတယ်။ အရင်နှစ်က ဆင်အကောင်ရေ ၁၀၀ ကျော်ရှိခဲ့ပေမယ့် ဒီနှစ်မှာ နည်းသွားတယ်"ဟု ၄င်းက ဆက်လက်ပြောကြားသည်။

ကျောက်ဆည်မြို့ရှိ ဆင်အကောင်ရေ ၇၀ ကျော်ဖြင့် ဈေးကို ပတ်ပြီးနောက် ဗုဒ္ဓဘုရားရှင်အား ဦးခိုက်ကန်တော့ကြမည်ဖြစ်ကြောင်း၊ ထို့နောက် ပြိုင်ပွဲစတင်မည်ဖြစ်ပြီး ဒိုင်အဖွဲ့က ပြိုင်ပွဲစည်းကမ်းများဖြင့် အမှတ်ပေးအကဲဖြတ်၍ ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုများ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

## ၆ လအတွင်း ဆန်တင်ပို့မှုမှ ဒေါ်လာ ၄၅၈ သန်း ရရှိထားကြောင်း MRF ထုတ်ပြန်



**မန္တလေး အောက်တိုဘာ ၁၁**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ စက်တင်ဘာလကုန်အထိ ၆ လတာအတွင်း ပြည်ပဝယ်လက်နိုင်ငံတွေထံ ဆန်နဲ့ ဆန်ကွဲတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၅၈ သန်း ရရှိထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည်။ (အပေါ်ပုံ)

ဆန်၊ ဆန်ကွဲ မက်ထရစ်တန်ချိန် ၉၃၇၈၄၆ ဒသမ ၅၈ တန် တင်ပို့မှုကနေ ရရှိထားပြီး အင်ဒိုနီးရှားနိုင်ငံက အများဆုံး ဝယ်ယူတာဖြစ်ကြောင်း MRF တာဝန်ရှိသူတစ်ဦးက ပြောသည်။

လအလိုက် တင်ပို့မှုကို ကြည့်ရင် စက်တင်ဘာလမှာ အများဆုံးတင်ပို့နိုင်ခဲ့ပြီး တန်ချိန် ၂၁၉၅၆၅ ဒသမ ၁၃ တန် တင်ပို့မှုမှ ဒေါ်လာ ၁၀၄ သန်းအထိ စံချိန်တင် ရရှိခဲ့ခြင်းဖြစ်သည်။

ဧပြီလမှာ ဒေါ်လာ ၅၅ သန်း၊ မေလမှာ ၃၆ သန်း၊ ဇွန်လမှာ ၈၄ သန်းနဲ့ ဩဂုတ်လမှာ ၉၇ သန်းအထိ ရရှိထားတာကိုလည်း MRF ၏ အချက်အလက်တွေအရ သိရသည်။

ဆန်နှင့် ဆန်ကွဲအမျိုးအစားနှစ်ခုထဲက ဆန်တင်ပို့မှုကို ကြည့်ရင် ပြည်ပနိုင်ငံ ၁၅ နိုင်ငံက အဓိကဝယ်လိုအားရှိပြီး အဲဒီအထဲမှာ အင်ဒိုနီးရှားနှင့် တရုတ်တို့က အများဆုံး ဝယ်ယူသူတွေအဖြစ် ရှိနေသည်။

ဆန်ကွဲကိုတော့ ပြည်ပနိုင်ငံ ၁၃ ခုကနေ အများအပြား ဝယ်ယူလျက်ရှိပြီး တရုတ်၊ ဘယ်လ်ဂျီယံနှင့် အင်ဒိုနီးရှားနိုင်ငံတွေကနေ အများဆုံး ဝယ်ယူလျက်ရှိတာကို စာရင်းတွေမှာ ဖော်ပြထားသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်အထိ ဘဏ္ဍာနှစ်အတွင်း ဆန်၊ ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့နိုင်ဖို့ ရည်မှန်းထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပို့ကုန်ရငွေကို ထိန်းချုပ်သည့် ငွေကြေးမူဝါဒကြောင့် ဆန်တင်ပို့မှုကို အနည်းငယ်လျော့နည်းစေသည်။

ထို့ပြင် အယ်လ်နီညို ရာသီဥတုအခြေအနေကြောင့်လည်း ဆန်တင်ပို့ရောင်းချမှုကို အဟန့်အတားဖြစ်ကြောင်း MRF ဥက္ကဋ္ဌက ပြောကြားထားကြောင်း သိရသည်။

ရွှေမန်း

## သရက်မြို့၌ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ် Talk Show ဆောင်ရွက်

**သရက် အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ Talk Show ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးငြိမ်းသူနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်ဖြိုးအောင်တို့က သဘာဝဘေးလျော့ပါးရေးနေ့ဖြစ်ပေါ်လာပုံ၊ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့နည်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်နှင့် ရည်ရွယ်ချက်၊ ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံအပါအဝင် ကြုံတွေ့နေရတဲ့ သဘာဝဘေးအန္တရာယ်များနှင့် သဘာဝဘေးအန္တရာယ်တွေ ဖြစ်ပေါ်လာရင် ဘယ်လိုမျိုးဆောင်ရွက်သင့်သလဲတို့ကို ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဇော်ထက်(သရက်)




မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ အလွတ်တန်းအဆင့် ဗိုလ်လုပွဲအဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။

❖ ရှေ့ဖုံးမှ

ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

### ဗိုလ်လုပွဲယှဉ်ပြိုင်ကစား

ဦးစွာ ၂၀၂၄ ခုနှစ်၊ (၆၁) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲအလွတ်တန်းအဆင့် ဗိုလ်လုပွဲအဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့်အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်၊ အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ကြပြီး ပွဲကစားချိန် ၃၇ မိနစ်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် တစ်ဂိုး - ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ထို့နောက် ဒုတိယပိုင်းပွဲကစားချိန်၌ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ် ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ဂိုးထပ်မံသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပွဲကစားချိန်ပြီးဆုံးချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တစ်ဂိုး - ဂိုးမရှိ ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့နှင့်အတူ စစ်ရေးပြမှူးကြီး ဦးဆောင်၍ အလံတော်အဖွဲ့၊ အားကစားအသင်း ၁၇ သင်းနှင့် ဆုရဘောလုံးအသင်း သုံးသင်းတို့မှ အားကစားသမားများက ဇေယျာသီရိတပ်မတော်အားကစားကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။

### ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ရာ တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက ၂၀၂၄ ခုနှစ်၊ (၆၁) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုရရှိသူများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုရရှိသူများနှင့် အသန့်ရှင်းဆုံးဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြုအသင်းတို့ကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က

စာမျက်နှာ ၄ သို့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆုတံဆိပ် ဒုတိယအများဆုံးရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း (ဒုတိယ)ဆုပေးအပ်ချီးမြှင့်စဉ်။





စစ်ရေးပြမှူးကြီးဦးဆောင်သော အလံတော်အဖွဲ့၊ အားကစားအသင်း ၁၇ သင်းနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့တို့က စစ်ကြောင်းပုံဖြင့်ချီတက်၍ လက်ဝှေ့ယမ်းနှုတ်ဆက်ပြီး အားကစားကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသူများက ပြန်လည်လက်ပြနှုတ်ဆက်ကြစဉ်။

*စာမျက်နှာ ၃ မှ*

တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြုအသင်းကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က ဒုတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ပထမဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ပထမဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကောင်စီဝင် ညွှန့်နိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ် တတိယအများဆုံးရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း (တတိယ)ဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညွှန့်နိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဆုတံဆိပ် တတိယအများဆုံးရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း (တတိယ)ဆု ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဒုတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ငွေသားဆု ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ် ဒုတိယအများဆုံးရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း (ဒုတိယ)ဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၆၅ ခု၊ ငွေတံဆိပ် ၄၃ ခု၊ ကြေးတံဆိပ် ၄၁ ခု စုစုပေါင်း ဆုတံဆိပ် ၁၄၉ ခုဖြင့် ဆုအများဆုံးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းအားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ရာ အသင်းအုပ်ချုပ်သူအရာရှိနှင့် အားကစားသမားများက လက်ခံရယူသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားအပြီးတွင် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့၊အားကစားအသင်း ၁၇ သင်းနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့တို့က စစ်ကြောင်းပုံဖြင့်ချီတက်၍ လက်ဝှေ့ယမ်းနှုတ်ဆက်ပြီး ဇေယျာသီရိ တပ်မတော် အားကစားကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ပြန်လည်လက်ပြနှုတ်ဆက်ကြသည်။

**အောင်မြင်စွာပိတ်သိမ်း**

ထိုသို့ ချီတက်ထွက်ခွာနေချိန်တွင် (၆၁) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် ၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူး၊ မီးပန်းများကို ဂုဏ်ပြုပစ်ဖောက်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာပိတ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်





အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူး၊ မီးပန်းများကို ဂုဏ်ပြုပစ်ဖောက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေးပြီး "ကူညီကမ်းဆက် ဂီတလက်ဖြင့်" ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေး





ရန်ကုန် အောက်တိုဘာ ၁၁

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ ကို ကြည့်ရှုစစ်ဆေးပြီး "ကူညီ ကမ်းဆက် ဂီတလက်ဖြင့်" ရေဘေးသင့်ဒေသများ ပြန်လည် ထူထောင်ရေး ရန်ပုံငွေတေးဂီတ ဖျော်ဖြေပွဲသို့ တက်ရောက် ကြည့်ရှုအားပေးသည်။ (ယာပုံ)

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ခန်းမ၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလဆန်းတွင် ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အသုံးပြု မည့် လာဘ်ကောင်ရုပ် (Mascot) များအတွက် ကုန်ကျငွေကျပ်သိန်း ၁၅၀ ကို Trusty Pay ကုမ္ပဏီက ပေးအပ်လှူဒါန်းရာ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပ ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးမောင်မောင် အုန်းက လက်ခံပြီး ကျေးဇူးတင် စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Studio-1 ၌ ဒါရိုက်တာဩရသ၏ "ဘဝနှင့် အနုပညာ" အစီအစဉ် ရိုက်ကူးနေ မှု၊ Studio-2 ၌ Lighting မီးလုံး အသစ်များ တပ်ဆင်ပြီးစီးမှုနှင့် စမ်းသပ်ရိုက်ကူးနေမှု၊ ပါတီစုံ အထွေထွေ ရွေးကောက်ပွဲ ရွေးကောက်ပွဲ ကျင်းပရေး လှုံ့ဆော်တေးသီချင်း နှစ်ပုဒ် ဖြစ်သည့် "ဆန္ဒမဲပေးကြပါ" နှင့် "အတူတူမဲသွားပေးကြစို့"သီချင်း များ MTV ရိုက်ကူးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ပါဝင်ဆောင် ရွက်သူများအား ဂုဏ်ပြုငွေများ ပေးအပ်သည်။

ယင်းနောက် မြန်မာ့အသံ နှင့် ရုပ်မြင်သံကြားဝင်းအတွင်း ယာယီရုပ်မြင်သံကြားနှင့် အသံ လွှင့်ကောင်စီဖွဲ့စည်းပြီး ရုံးခန်း ဖွင့်လှစ်အသုံးပြုရန် လျာထား သည့် အဆောက်အဦနှင့် ပြင်ဆင် ထားရှိမှု၊ MRTV နှင့် ပူးပေါင်း ဆောင်ရွက်သည့် Borderless Broadcast Co.,Ltd. ရုံးခန်း ငှားရမ်းထားရှိမှုနှင့် ပြင်ဆင် ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ မွန်းလွဲပိုင်းတွင် Studio - A ၌ ပြုလုပ်သည့် "ချစ်စရာ အရွယ် ကစားကြမယ်" ကလေးအစီအစဉ် တွင် ရန်ကင်းမူလတန်းကြို ကျောင်းနှင့် စံပြရင်သွေးမူလတန်း ကြိုကျောင်းတို့မှ ကလေးများ ယှဉ်ပြိုင်မှု၊ သဃ်ာန်းကျွန်းမူလတန်း ကြိုကျောင်းနှင့် သာကေတမူလ တန်းကြိုကျောင်းတို့မှ ကလေးများ ယှဉ်ပြိုင်မှု ရိုက်ကူးရေး အစီအစဉ် ကိုကြည့်ရှုအားပေးပြီး ကလေးငယ် များအား အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်သည်။

ညပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ရန်ကုန်မြို့ ဒဂုံ မြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)စီစဉ်မှုဖြင့် ကျင်းပသည့် "ကူညီကမ်းဆက် ဂီတလက်ဖြင့်" ရေဘေးသင့်ဒေသ များပြန်လည်ထူထောင်ရေးရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ" သို့ တက် ရောက် ကြည့်ရှုအားပေးသည်။

အဆိုပါ ရန်ပုံငွေတေးဂီတ ဖျော်ဖြေပွဲသို့ ပြည်ထောင်စု ဝန်ကြီးနှင့်အတူ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ် ကြီးနှင့်အဖွဲ့၊ တရုတ်ယဉ်ကျေးမှု စင်တာ တာဝန်ခံနှင့် အဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်၊ ဂီတ၊ သဘင် အစည်းအရုံးများမှ နာယကများ နှင့် ဥက္ကဋ္ဌများ၊ ဖိတ်ကြားထား သော ဧည့်သည်တော်များနှင့် တေးချစ်သူပရိသတ်များ ကြည့်ရှု အားပေးကြသည်။

ရန်ပုံငွေတေးဂီတ ဖျော်ဖြေပွဲ မစတင်မီ "သဘာဝဘေးအန္တရာယ် ကို ရင်ဆိုင်ကျော်လွှား၊ မွန်မြတ် စိတ်ထား၊ တွဲလက်များနှင့် ကူညီထမ်းဆောင်" Video Cilp ကို ပြသသည်။

ထို့နောက် ဥက္ကာဦးသာနှင့် IMMORTAL BAND တို့ ပေါင်းစပ် တီးခတ်ပြီး တေးသံရှင်များ ဖြစ် ကြသည့် ကိုင်ဇာ၊ မျိုးကျော့မြိုင်၊ စည်သူလွင်၊ ဂရေဟမ်၊ ကောင်းဆက်၊ ဇော်ပိုင်၊ ပူစူး၊ နောနော်၊ အောင်လ၊ သာဒီးလူ၊ ဝန၊ အောင်ထက်၊ ဖွဲ့ပြည့်၊ နေမင်းအိမ်၊ Lဆိုင်းဇီ၊ ရတနာမိုင်၊ နီနီခင်ဇော်၊ ပိုပို၊ ဆိုင်းစံ၊ ယွန်းမြတ်သူနှင့် ပန်းရောင်ခြယ် တို့က ဖျော်ဖြေတင်ဆက်ကြ သည်။

ရေဘေးသင့် ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေ တေးဂီတ ဖျော်ဖြေပွဲတွင် တက်ရောက်လာကြသည့် မြန်မာ နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး နှင့်အဖွဲ့၊ ကိုရီးယားနိုင်ငံ MKCS Co.,Ltd. တို့ အပါအဝင် အလှူရှင် များက အလှူငွေများ ပေးအပ် လှူဒါန်းကြရာ ပြည်ထောင်စု ဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌတို့က တက်ရောက် လက်ခံပေးကြသည့် အပြင် Live ထုတ်လွှင့်မှုများကို ကြည့်ရှုကြသည့် မိဘပြည်သူများ ကလည်း KPay မှတစ်ဆင့် ပေးပို့ လှူဒါန်းလျက်ရှိကြသည်။

ယင်းရန်ပုံငွေတေးဂီတဖျော် ဖြေပွဲကို MRTV NRC ၊ Farmers Channel ၊ MRTV Application ၊ Radio MRTV ၊ MRTV Telegram၊ 5Plus ချန်နယ်၊ MRTV - 4 ၊ တိုင်းရင်းသား ရုပ်သံလိုင်း၊ Hey Play TV ချန်နယ်တို့မှ တိုက်ရိုက် ထုတ်လွှင့်လျက်ရှိပြီး MRTV HD, Channel 7 HD မှလည်း နေ့ချင်း Replay ပြန်လည်ထုတ်လွှင့်မှု အပြင် Fortune HD၊ Channel K၊ YTV နှင့် မဟာ HD ရုပ်သံလိုင်း တို့မှလည်း နောက်ရက်များတွင် ဆက်လက် ထုတ်လွှင့်ပြသသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခေတ်မီဒီဇယ်လျှပ်စစ်ရထားတွဲဆိုင်းများဖြင့် အမှတ်(၁၅)အဆန် ရန်ကုန်-ပဲခူးနှင့် (၁၆)အစုန် ပဲခူး-ရန်ကုန် ပြေးဆွဲပေးမှု ခရီးသည်စီးနင်းမှုများပြား

နေပြည်တော် အောက်တိုဘာ ၁၁

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်း အသီးသီးတွင် လူစီးရထားများ ပြေးဆွဲဆောင်ရွက်ပေးလျက် ရှိရာ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း နှင့်အတူ ဂျပန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် ရန်ကုန်-ပဲခူးခရီးစဉ် အမှတ်(၁၅) အဆန်နှင့် ပဲခူး-ရန်ကုန်ခရီးစဉ် အမှတ်(၁၆)အစုန် စတင်ပြေးဆွဲခြင်း အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ကျင်းပပြီး စတင်ပြေးဆွဲလျက်ရှိရာ ရထားစီးခရီးသည် စီးနင်းမှုများပြားလျက်ရှိသည်။

ခရီးသည် စီးနင်းမှုအနေဖြင့် ပဲခူး-ရန်ကုန် ခရီးစဉ်တွင် နေ့စဉ် ပျမ်းမျှရထားစီးခရီးသည် ၈၀၀ ခန့်နှင့် ရန်ကုန်-ပဲခူး ခရီးစဉ်တွင် ပျမ်းမျှခရီးသည် ၇၀၀ ကျော်ခန့် လိုက်ပါစီးနင်းလျက်ရှိရာ အောက် တိုဘာ ၂ ရက်မှ ယနေ့အထိ ၁၀ ရက်အတွင်း ခရီးသည်စုစုပေါင်း ၁၄၂၁၆ ဦး လိုက်ပါစီးနင်းခဲ့ကြောင်း သိရသည်။

အဆိုပါ အမှတ်(၁၆) အစုန် ပဲခူး-ရန်ကုန် DEMU ရထား သည် ပဲခူးဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ ရန်ကုန် ဘူတာသို့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် ရောက်ရှိပြီး အမှတ်(၁၅) အဆန် ရန်ကုန်-ပဲခူး DEMU ရထားသည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာ၍ ပဲခူးဘူတာသို့ ညနေ ၇ နာရီ ၅ မိနစ်တွင် ရောက်ရှိသဖြင့် ပဲခူးမှ ရန်ကုန်သို့ အလုပ်သွား အလုပ်ပြန် အဆင်ပြေမှုရှိသည့်အပြင် လမ်းခရီးတွင် ပုဇွန်တောင်၊ မလွှကုန်း၊ သဃ်ာန်းကျွန်း၊ တိုးကြောင်ကလေး၊ ရွာသာကြီး၊ လေး ဒေါင့်ကန်၊ ဒါးပိန်၊ ကော့ချဲ၊ ထုံးကြီး၊ ကျောက်တန်း၊ တာဝ၊ ဘုရားသုံးဆူ စုစုပေါင်း ၁၂ ဘူတာတွင် ရပ်တန့်ပေးခြင်းကြောင့် လမ်းခရီးတွင် လိုက်ပါစီးနင်းကြသူများအတွက်ပါ အဆင်ပြေမှုရှိ ကြောင်းသိရသည်။ ထို့ပြင် DEMU ရထားတွဲဆိုင်းတွင် ခရီးသည် ရပ်စီး၊ ထိုင်စီး စုစုပေါင်း ၈၃၂ ဦး စီးနင်းလိုက်ပါနိုင်ပြီး ခရီးသွား လက်မှတ်ခအနေဖြင့် ခရီးစဉ်အစမှအဆုံးအထိ တစ်ဦးလျှင် ငွေကျပ် ၂၅၀၀ နှင့် ခရီးတစ်ဝက် လိုက်ပါစီးနင်းပါက ငွေကျပ် ၁၃၀၀ နှုန်း သတ်မှတ် ထားမှုကြောင့် ခရီးသည်များ ကြိုက်နှစ်သက်ကြပြီး ရထားစီး ခရီးသည် စီးနင်းမှု များပြားလျက်ရှိသည်။



မြန်မာ့မီးရထားအနေဖြင့် ရထားစီး ခရီးသွားပြည်သူများ စိတ် ချမ်းမြေ့စွာ ခရီးသွားလာနိုင်စေရေး ခေတ်နဲ့အညီ ခေတ်မီလူစီးတွဲ များထုတ်လုပ်ခြင်း၊ ရထားလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ၊ ဘူတာရုံများ အဆင့်မြှင့်တင်ရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အစီရင်ခံစာများနှင့် ဆွေးနွေးမှုများတွင် မြန်မာနိုင်ငံ၏ အပြုသဘောပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုဖော်ပြသင့်

ဂျီနီဗာမြို့၌ မကြာသေးမီက ကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ (၅၇) ကြိမ်မြောက် အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံအပေါ် ဝေဖန်ပြစ်တင်သည့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM)၏ အစီရင်ခံစာအပေါ် အပြန်အလှန် ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်တွင်လည်းကောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာအပေါ် အပြန်အလှန်ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်တွင်လည်းကောင်း သက်ဆိုင်ရာ မြန်မာနိုင်ငံမပါဝင်ဘဲ ပြုလုပ်ခဲ့သည်။ ကောင်စီအနေဖြင့် ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း မြန်မာနိုင်ငံအပေါ် ဦးတည်သည့် ယန္တရားများ၏ အစီရင်ခံစာအပေါ် ဆွေးနွေးပွဲ စုစုပေါင်း (၆) ကြိမ် ပြုလုပ်ခဲ့ရာ ယင်းတို့သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မျှ အကျိုးမပြုသည့်အပြင် ကုလသမဂ္ဂ၏ အချိန်နှင့်အရင်းအမြစ်များကိုလည်း အလဟဿကုန်ခန်းစေသည်။

အဖွဲ့ဝင်နိုင်ငံများအကြား တူညီဆန္ဒဖြင့် အတည်ပြုချမှတ်ထားခြင်း မရှိသည့်အပြင် နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်လျက် နိုင်ငံရေးသွတ်သွင်းထားသော ဆုံးဖြတ်ချက်အဆိုမှ ဆင်းသက်လာသည့် IIMM ယန္တရားအား စတင်တည်ထောင်ချိန်ကတည်းကပင် မြန်မာနိုင်ငံအနေဖြင့် အသိအမှတ်ပြု လက်ခံခဲ့ခြင်း မရှိပါ။ ကောင်စီအစည်းအဝေးကာလအတွင်း ဆွေးနွေးခဲ့သည့် IIMM ၏ အစီရင်ခံစာသည် ခိုင်မာမှုမရှိသော အရင်းအမြစ်များအပေါ် အခြေခံ၍ ကောက်ချက်ချထားသည်ကို တွေ့ရသည်။ ထို့ပြင် အဆိုပါယန္တရားသည် သက်တမ်းအကန့်အသတ်မရှိခြင်း၊ စိစစ်ကြပ်မတ်မှု မရှိခြင်း၊ ကုလသမဂ္ဂမှ ခွဲဝေချထားပေးငွေအပြင် ပြင်ပမှ ရရှိသော ရန်ပုံငွေများအပေါ် မှီခိုခြင်းတို့ကြောင့် ၎င်း၏ အမှီအခိုကင်းမှု၊ ဘက်မလိုက်မှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှုတို့မှာ မေးခွန်းထုတ်ဖွယ်ဖြစ်သည်။

လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး၏ အစီရင်ခံစာတွင် အတည်မပြုနိုင်သော အချက်အလက်များနှင့် အထင်အမြင်လွဲမှားစေသည့် အချက်များအပေါ် အခြေခံသည့် စွပ်စွဲချက်များပါဝင်ရာ မြန်မာနိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းအကြား အထင်အမြင်လွဲမှားမှုကို ဖြစ်ပေါ်စေသည်။ ယင်းအစီရင်ခံစာပါ အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့် စိတ်ကျန်းမာရေးဆိုင်ရာ စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၁ ခုနှစ်မှစ၍ အကျဉ်းထောင်များသို့ သွားရောက်ကာ အကျဉ်းထောင်အခြေအနေနှင့် အကျဉ်းသားများ ထားရှိမှုနှင့်ပတ်သက်၍ စစ်ဆေးအကြံပြုလျက်ရှိသည်။ မြန်မာနိုင်ငံသည် စိတ်ကျန်းမာရေးပြဿနာများကို ဖြေရှင်းရန် စိတ်ကျန်းမာရေး မူဝါဒနှင့် စိတ်ကျန်းမာရေးမဟာဗျူဟာစီမံချက် (၂၀၂၁-၂၀၂၄) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံချက်သည် ဆေးရုံများနှင့် အသိုက်အဝန်းများအကြား စိတ်ကျန်းမာရေး စောင့်ရှောက်မှု ပေးအပ်ရာတွင် ဘက်စုံလွှမ်းခြုံနိုင်ရန် ရည်ရွယ်သည်။

မဟာမင်းကြီး၏ အစီရင်ခံစာသည် မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်များကို စိစစ်အတည်ပြုခြင်း မရှိသည့်အပြင် အစိုးရက တရားဝင်ထုတ်ပြန်ထားသည့် အချက်အလက်များကိုလည်း ချန်လှပ်ထားသည်ကို တွေ့ရသည်။ အထူးသဖြင့် ယင်းအစီရင်ခံစာတွင် PDF များနှင့် လက်နက်ကိုင်အဖွဲ့များ၊ AA ၏ အကြမ်းဖက်မှုများကို လျှော့ပေါ့ဖော်ပြထားပြီး ထိတွေ့မှုဆိုင်ရာစည်းမျဉ်းနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သော တပ်မတော်၏ တန်ပြန်တုံ့ပြန်မှုများကိုမူ တစ်ဖက်စောင်းနင်း ဖော်ပြထားသည်။ အကြမ်းဖက်မှုများကို လုပ်ဆောင်နေသော အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များကို အားပေးခြင်းမပြုရန်နှင့် အစိုးရ၏ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှု တားဆီးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းအား တိုက်တွန်းသည်။

နိုင်ငံတော်အစိုးရသည် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုထားသည်နှင့်အညီ မြန်မာနိုင်ငံတွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၁-၁၀-၂၀၂၄ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာ စတင်ကောက်ယူလျက်ရှိရာ လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာမှု အကူအညီများကို အမှန်တကယ်လိုအပ်သူများထံသို့ ခွဲခြားမှုမရှိဘဲ ဖြန့်ဝေပေးနိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။ လုံခြုံရေးဆောင်ရွက်ပေးနိုင်သည့် ဒေသအားလုံးတွင် ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လူသားချင်းစာနာမှုအကူအညီများကို ခွင့်ပြုပေးလျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်သည့်ဒေသများတွင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအတွက် ကုလသမဂ္ဂအေဂျင်စီများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပြီး အကူအညီ ပစ္စည်းများ ဖြန့်ဝေရာတွင် အကူအညီပေးသည့် အဖွဲ့အစည်းများ လိုက်ပါနိုင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

အစိုးရသည် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုမှာ သိသာစွာတိုးတက်လာသည်။ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက နယူးယောက်မြို့ရှိ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၏ အရေးပေါ်ညွှန်ကြားရေးမှူးများအဖွဲ့ (EDG) မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ကျင့်သုံးလျက်ရှိသည့် မူဝါဒများနှင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်အတွင်း (၂) ကြိမ် ပြုလုပ်ခဲ့သည်။

ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဒီမိုကရေစီလမ်းကြောင်း ဖော်ဆောင်ရေးအတွက် မဆုတ်မနစ်ကြိုးပမ်းမှုများကို အသိအမှတ်ပြုချိန်တန်ပြီဖြစ်သည်။ အပ်ကြောင်းထပ်နေသော ပုံစံတူယန္တရားများဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေခြင်းထက် မြန်မာနိုင်ငံရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ယင်းယန္တရားများကို အဆုံးသတ်ပြီး အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် ကုလသမဂ္ဂအား တိုက်တွန်းသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်

## မန္တလေးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၁၁

မန္တလေး တိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် မန္တလေး တိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သိမ်းဆည်းရမိခဲ့သည့် လက်နက် / ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများ ခင်းကျင်းပြသထားမှုအား လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ပြင်ဦးလွင်မြို့နယ်အတွင်း သန်းခေါင်စာရင်းအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်



ပြင်ဦးလွင် အောက်တိုဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စတင်ကောက်ယူခြင်း လုပ်ငန်းကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းမှစတင်ပြီး စာရင်းများ ကောက်ယူရာ ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။

ပြင်ဦးလွင် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် သန်းခေါင်စာရင်း ကောက်ကွက်ပေါင်း ၅၉၄ကွက်ရှိပြီး စာရင်းစစ်၊ စာရင်းကောက် ၆၂ ဦးက သန်းခေါင်စာရင်း ရည်ညွှန်းချိန်၌ သတ်မှတ် နယ်နိမိတ်အတွင်း နေထိုင်သူများအား သတ်မှတ်ထားသည့် စာရင်းကောက်ကွက်များ၌ စနစ်တကျ မေးမြန်းနေမှုများကို မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်၊ ခရိုင်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်ဦးစီးမှူး ဦးကျော်လွင်ဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကြကြောင်း သိရသည်။

ခရိုင်
(ပြန်/ဆက်)


## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၁

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မိုး/ဇလ

## ကမ္ဘာ့အခက်ခဲဆုံး သင်္ချာပုစ္ဆာနှစ်ပုဒ်ကို ပါမောက္ခဖမ်တီယက်တွက်ချက် ဖြေရှင်း



ကမ္ဘာ့အခက်ခဲဆုံး သင်္ချာပုစ္ဆာနှစ်ပုဒ်ကို အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ်ရှိ ရတ်ဂါးစ်တက္ကသိုလ်မှ သင်္ချာပါမောက္ခ ဖမ်တီယက် မကြာသေးမီက တွက်ချက်ဖြေရှင်းနိုင်ခဲ့သည်။

၄င်းအဖြေထုတ်နိုင်ခဲ့သည့် ပထမပုစ္ဆာမှာ ၁၉၇၇ ခုနှစ်က ကွယ်လွန်ခဲ့သည့် ဂျာမန်သင်္ချာပညာရှင် ရစ်ချတ်ဘောင်ဝါ အနီးစပ်ဆုံးဖြေရှင်းပြီးနောက် သင်္ချာဉာဏ်ကြီးရှင်များ လက်မှိုင်ချခဲ့ရသော ၁၉၅၅ အမြင့်သုညပုစ္ဆာဖြစ်သည်။

ဒုတိယပုစ္ဆာမှာမူ ကိုယ်စားပြု သီအိုရီထဲမှ အစိတ်အပိုင်းတစ်ခုဖြစ်သော ဒီလင်း-လုဇတစ် သီအိုရီပုစ္ဆာဖြစ်သည်။ ယင်းသီအိုရီမှာ အက္ခရာသင်္ချာ၊ အက္ခရာ ဂျီသြမေတြီသင်္ချာနှင့် အမှုန်ရူပဗေဒပညာရပ်တို့တွင် အခရာကျသည်။

ထိုအခက်ခဲဆုံး သင်္ချာပုစ္ဆာနှစ်ပုဒ်ကို ပါမောက္ခဖမ်တီယက်က ကွန်ပျူတာအကူအညီလုံးဝမယူဘဲ စက္ကူပေါ်တွင် ဖောင်တိန်ဖြင့်ရေးခြစ်တွက်ချက် အဖြေထုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## Wang Yibo က ပန်းချီကားတစ်ချပ်နှင့် သန်မာလာကြောင်း ပြသသွား

တရုတ်အနုပညာရှင် Wang Yibo က ပန်းချီကားတစ်ချပ်တင်ပေးထားရာ မှောင်မိုက်နေသည့်ဂူအတွင်း အလင်းတပ်ဦးထုပ်နှင့် လူတစ်ဦး ကြောက်စိတ်ကို တွန်းလှန်ခဲ့သည့် ပန်းချီကားတစ်ချပ်တင်ထားပြီး သန်မာလာကြောင်း ပြသသွားခဲ့သည်ဟု ဝီဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ပန်းချီကားတွင် အမှောင်ဂူထဲမှ တစ်ဦးတည်းထိုင်နေသည့် လူငယ်လေး၊ ဦးခေါင်းထက်မှအလင်းရောင်က အမှောင်ထုကို တွန်းလှန်ရန် ကြိုးစားနေပုံဖြစ်ပြီး ယခင်ကလို အမှောင်ကြောက်သည့်သူ မဟုတ်ဘဲ သန်မာလာကြောင်း ပြသထားခြင်းဖြစ်လာသည်ဟု မှတ်ချက်ပေးထားကြသည်။

Wang Yibo သည် အမှောင်ကြောက်သကဲ့သို့ ပိုးကောင်များကိုလည်း ထိတွေ့ကိုင်တွယ်ရန် မကြောက်တော့သူဖြစ်ကာ မှတ်တမ်းရုပ်ရှင်နှင့် ပြောင်းလဲသွားပုံကို ယင်းပန်းချီကားချပ်ဖြင့် ပြောကြားထားခြင်းဖြစ်သည်ဟု ပရိသတ်များက မှတ်ချက်ပေးထားကြသည်။ (SKY)



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## De Xian Jin Zhi ဇာတ်ညွှန်းခွင့်ပြုစာ ရရှိထား

ဒါရိုက်တာ ကွန်ရှန်၊ ဇာတ်ညွှန်း လန်ရှောင်လုံတို့၏လက်ရာ De Xian Jin Zhi တွင် Xiao Zhan အဓိက ပါဝင်ထားပြီး ဇာတ်ညွှန်းခွင့်ပြုစာ ရရှိထားပြီဖြစ်သည်ဟု ဝီဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါရုပ်ရှင်၏ ဇာတ်ညွှန်းအနှစ်ချုပ်တွင် နမ်ကျင်းမြို့ ကျဆုံးပြီးနောက် ထွက်ပြေးသွားကြသည့်လူတစ်စုသည် ရွာငယ်လေးတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြရာမှ ဂျပန်စစ်သားများ အတင်းအကြပ်ခိုင်းစေမှုနှင့် ကြုံရပြီး အင်အားမမျှ၍ ဉာဏ်ပညာနှင့် စိတ်ဓွမ်းအားတို့ ယှဉ်ပြိုင်ကြသော ပြိုင်ပွဲတစ်ခုအကြောင်းဖြစ်သည်။

ဇာတ်ညွှန်းဆရာ လန်ရှောင်လုံမှာ အတော်ဆုံးဇာတ်ညွှန်းရေးဆရာတစ်ဦးဖြစ်ပြီး ရိုးရိုးသာမန်လူတစ်ဦး၏ဘဝကို ရိုက်ကူးပုံဖော်ရာတွင် နာမည်ကြီးဖြစ်ကာ ဒါရိုက်တာ၊ ဇာတ်ညွှန်းဆရာနှင့် နာမည်ကြီးသရုပ်ဆောင်သုံးဦးပေါင်း တင်ဆက်ထား၍ ပရိသတ်စိတ်ဝင်စားနေကြသည်။(SKY)



## Keanu Reeves ၏ ချစ်သူကို ပရိသတ်ဝေဖန်ထားကြ

ကမ္ဘာကျော် ဟော်လီးဝုဒ်မင်းသား ကီနူးရိဗ်၏ ချစ်သူ အလင်န်ဒါးဂရမ်းကို ပရိသတ်များက အသက်ကြီးနေပြီး ပြင်ဆင်ထားခြင်းမရှိ၍ ဝေဖန်ထားကြသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကီနူးရိဗ်သည် တစ်ကိုယ်တည်းဘဝနှင့် ဖြတ်သန်းချိန်ကြာမြင့်ခဲ့ပြီးမှ အသက် ၅၁ နှစ် အရပ် ခြောက်ပေ တစ်လက်မနှင့် ခွဲစိတ်ပြုပြင်ထားခြင်းမရှိသော သာမန်ပုံစံကြောင့် ကမ္ဘာကျော်မင်းသား၏ချစ်သူဖြစ်ရခြင်းကို ပရိသတ်များ ဝေဖန်ထားကြသည်။

ကီနူးရိဗ်သည်အပေါ်ယံအလှအပထက် သူ့နှလုံးသားကို နွေးထွေးပျော်ရွှင်စေသူကို ရွေးချယ်ခဲ့ရာ ချစ်သူ အလဇန်ဒါဂရမ်းမှာ အနုပညာနှင့်ပတ်သက်၍ အမြဲဂုဏ်ယူစရာကောင်းအောင်နေတတ်သည့် Conceptual Artist တစ်ဦးဖြစ်သည်။

သူတို့နှစ်ဦးပူးပေါင်း၍ ပိုမိုကောင်းမွန်သည့်အနုပညာ ဖန်တီးမှုများအတွက် အပြန်အလှန်ဖေးမနေထိုင်နေကြရာ ကီနူးရိဗ်က ဝေဖန်မှုများစွာကို ချစ်ခြင်းဖြင့် အနိုင်ယူပြသွားခဲ့သည်။ (SKY)



## Huang Zitao က ခွေးချစ်သူဖြစ်ပြီး တိရစ္ဆာန်များကို ကာကွယ်ခဲ့

တရုတ်အနုပညာရှင်၊ ကုမ္ပဏီပိုင်ရှင်၊ အိပ်ဇိုအဖွဲ့ဝင်ဟောင်း ဟွမ်ဇီတာအိုသည် ပွင့်လင်းစွာ ပြောတတ်သူဖြစ်၍ လူမုန်းများခဲ့သော်လည်း စိတ်နှလုံးနူးညံ့ကာ ခွေးချစ်သူဖြစ်ပြီး တိရစ္ဆာန်လေးများကို ကာကွယ်စောင့်ရှောက်သူအဖြစ်လည်း မြင်တွေ့ရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ကြင်နာတတ်သော ဟွမ်ဇီတာအိုအမည်နှင့် သတင်းတစ်ပုဒ်ဖော်ပြထားရာ Golden Retriever Show ရိုက်ကူးရင်း တွေ့ရှိခဲ့သည့် ခွေးလေးကို မွေးစားခဲ့ရာ၊ ခွေးလေးမှာ ရောဂါနှင့် ပေပေရေရေဖြစ်နေ၍ ဆေးကုသပေးခဲ့သည်။

သူနေထိုင်ရာ ဟန်ကျိုးကို ခေါ်ယူခဲ့ပြီး KK ဟု အမည်ပေးထားကာ မွေးစားခဲ့ရာမှာ ခွေးလေးမှာ တစ်သွေးတစ်မွေးနှင့် ချစ်စရာကောင်းလာခဲ့ပြီး သူ့တွင် Kendy, Ace နှင့် KK ဟူ၍ ခွေးသုံးကောင်ရှိနေပြီဖြစ်သည်။

အနုပညာလုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်းများနှင့် ပရဟိတလုပ်ငန်းကိုပါ လုပ်ကိုင်နေသော ဟွမ်ဇီတာအိုဖြစ်သည်။ (SKY)

## Yoo Ah-in အမှုရင်ဆိုင်နေရချိန် ကံဆိုးမှုများစွာ ကြုံရ

ကိုရီးယားသရုပ်ဆောင် ယူအာအင်းသည် မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် အမှုရင်ဆိုင်နေရချိန်တွင် ကံဆိုးမှုများစွာနှင့် ကြုံတွေ့ခဲ့ရသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယူအာအင်းသည် အမှုရင်ဆိုင်နေရချိန်တွင် Cheongju cinema Street တွင် ထားရှိသည့် သူ၏ လက်ဗွေရာကို ဖယ်ရှားမည်ဟု ကြေညာခဲ့ရာ ပြန်လည်မွမ်းမံမည့်ကာလနှင့် ပြည်သူများ၏ ပြောဆိုမှုများကြောင့် ၂၀၁၆ ခုနှစ် Veteran ရုပ်ရှင်ရုံတင်ချိန်တွင် ပြုလုပ်ထားသည့် လက်ဗွေရာဖြစ်ပြီး ဖယ်ရှားခံခဲ့ရသည်။



ယူအာအင်းသည် မူးယစ်ဆေးဝါးသုံးစွဲမှု စွပ်စွဲချက်နှင့် တရားရင်ဆိုင်နေရကာ ပထမဆုံးရုံးချိန်းတွင် ထောင်ဒဏ်လေးနှစ်နှင့် ဒဏ်ငွေ ဝမ်နှစ်သန်းချမှတ်ခံခဲ့ရကာ၊ လိင်တူလိင်ပိုင်းဆိုင်ရာ စော်ကားမှုနှင့် စွဲချက်တင်ခံထားရပြီး ပထမကြားနာမှုကို လာမည့်လ ၃ ရက်တွင် နာယူရမည်ဖြစ်သည်။

အမှုရင်ဆိုင်နေချိန် ဖခင်ကွယ်လွန်သွား၍ ယူအာအင်းအတွက် ကံဆိုးမှုများစွာနှင့် ကြုံတွေ့ခဲ့ရသည်။ (SKY)

## Allu Arjun အပါအဝင် ဘောလိဝုဒ်အနုပညာရှင်များ ရေဘေးကူညီ၍ နှီးဆော်ပေးထား

အိန္ဒိယတောင်ပိုင်း Kerela ပြည်နယ်တွင် မိုးအဆက်မပြတ်ရွာ၍ ရေကြီးမြေပြိုမှုများနှင့် လူသန်း ရာချီ သေဆုံးပြီး ဒါဇင်နှင့်ချီ၍ ပျောက်ဆုံးနေရာ ဘောလိဝုဒ် အနုပညာရှင်များ ရေဘေးကူညီ၍ ပြည်သူများကို နှီးဆော်ပေးခဲ့ရာ အာလူးအာဂျွန်လည်း ပါဝင်ခဲ့သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရေကြီးသည့်ဒေသပြည်သူများအတွက် ကယ်ဆယ်ရေး ရန်ပုံငွေထည့်ရန် ကြေညာရာမှ တောင်ပိုင်းအနုပညာရှင်များဖြစ်ကြသည့် အာလူးအာဂျွန်၊ နရန်သာရာ၊ဆူရယား၊ဂျိုသီကား၊ မိတ်ရမ်း၊ စလ်မန်းအစရှိသော ဘောလိဝုဒ်တောင်ပိုင်းစတားများက ကူညီရန် အလှူငွေထည့်ခဲ့ကြသည်။

အနုပညာရှင်များက သူတို့၏ ပရိသတ်များကိုလည်း ရေဘေးတွင် ပါဝင်ကူညီကြရန် ဆိုရှယ်မီဒီယာများမှတစ်ဆင့် နှီးဆော်ပေးထားကြရာ အာလူးအာဂျွန် ထိပ်ဆုံးမှ ပါဝင်ခဲ့သည်။(SKY)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဆိုမာလီယာ၊ အီရစ်ထရီးယားနှင့် အီဂျစ်သမ္မတသုံးဦး ဒေသလုံခြုံရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူညီ



**အက်စမာရာ အောက်တိုဘာ ၁၁**

ဆိုမာလီယာ၊ အီရစ်ထရီးယားနှင့် အီဂျစ်သမ္မတသုံးဦး ဒေသလုံခြုံရေးပူးပေါင်းဆောင်ရွက်ရန် အောက်တိုဘာ ၁၀ ရက်က သဘောတူညီလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အီရစ်ထရီးယားနိုင်ငံ အက်စမာရာမြို့တော်၌ လက်ခံကျင်းပသော သုံးနိုင်ငံထိပ်သီးအစည်းအဝေးတွင် ဆိုမာလီယာသမ္မတ ဟာတ်ဆန်ရှိတ်ခ်မိုဟာမက်၊ အီရစ်ထရီးယားသမ္မတ အစ်ဆိုင်ယတ်စ်အက်ဖ်ဝါကီနှင့် အီဂျစ်သမ္မတ အက်ဘ်ဒဲလ်ဖတ်တာ အယ်စီစီတို့သုံးဦး ထိုသို့ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးသဘောတူညီခဲ့ကြခြင်း ဖြစ်သည်။

အာဖရိကဦးချိုဒေသတွင် တည်ငြိမ်အေးချမ်းမှုရရှိစေရန် ရည်သန်ကာ သုံးနိုင်ငံပူးပေါင်း၍ လုံခြုံရေးမြှင့်တင်သွားနိုင်မည်ဟု ၎င်းတို့သုံးဦး ယုံကြည်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## တောင်ကိုရီးယားစာရေးဆရာမ ဟန်ကန်းကို ၂၀၂၄ ခုနှစ် စာပေနိုဗယ်လ်ဆုရှင်အဖြစ် ရွေးချယ်



**ဆိုးလ် အောက်တိုဘာ ၁၁**

အသက် ၅၃ နှစ်အရွယ် တောင်ကိုရီးယားစာရေးဆရာမ ဟန်ကန်းကို အောက်တိုဘာ ၁၀ ရက်က ၂၀၂၄ ခုနှစ် စာပေနိုဗယ်လ်ဆုရှင်အဖြစ် သတ်မှတ်ရွေးချယ်လိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

စာရေးဆရာမဟန်ကန်းသည် သမိုင်းနောက်ခံစိတ်ဒဏ်ရာများကိုရင်ဆိုင်ပြီး လူ့ဘဝ၏ သခ်္ဂါရသဘောတို့ကို ဝတ္ထုများထဲ၌ ကဗျာဆန်သောစကားပြေဖြင့် ထင်ဟပ်ရေးသားဖွဲ့နွဲ့ခဲ့သဖြင့် စာပေနိုဗယ်လ်ဆုရှင်အဖြစ် ရွေးချယ်လိုက်ခြင်းဖြစ်ကြောင်း နိုဗယ်လ်ဆုရွေးချယ်ရေးကော်မတီက ထုတ်ပြန်ကြေညာသည်။

၎င်းသည်တောင်ကိုရီးယားနိုင်ငံမှ စာရေးဆရာများအနက် ပထမဆုံးအကြိမ် စာပေနိုဗယ်လ်ဆုရရှိသော စာရေးဆရာမဖြစ်သည်။

၎င်းအနေဖြင့် စတာလင်ပေါင် ၈၁၀၀၀၀ နှင့်ညီမျှသော ကရိုနာ ၁၁ သန်းကို ဆုငွေအဖြစ် လက်ခံရရှိမည် ဖြစ်သည်။

၂၀၀၇ ခုနှစ်က သက်သတ်လွတ်စားသူဟု အမည်ရသော စာရေးဆရာမဟန်ကန်း၏ ဝတ္ထုရှည် အပြည်ပြည်ဆိုင်ရာ ဘွတ်ကာဆုရရှိခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ကိုရီးယားအလုပ်သမားပါတီ နှစ်ပတ်လည်အခမ်းအနားသို့ ခေါင်းဆောင်ကင်မ်နှင့် ရုရှားဧည့်သည်တော်များ တက်ရောက်



**ပြုံယမ်း အောက်တိုဘာ ၁၁**

ကိုရီးယားအလုပ်သမားပါတီ ၇၉ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့တော်၌ အောက်တိုဘာ ၁၀ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပရာ ထိုအခမ်းအနားသို့ ခေါင်းဆောင်ကင်မ်ဂျုံအန်နှင့် ရုရှားဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သမီးနှင့်အတူ ကြွရောက်ချီးမြှင့်သော ခေါင်းဆောင်ကင်မ်က တက်ရောက်လာသောပရိသတ်ကို ကွန်မြူနစ်စနစ်၏ ပန်းတိုင်သို့ မလျှော့သောဇွဲဖြင့် ဆက်လက်ချီတက်သွားကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တရုတ်နိုင်ငံက ကိုယ်စားလှယ်လွှတ်ပြီး တက်ရောက်စေခြင်း မရှိဘဲ ပန်းခြင်းတစ်ခြင်းသာပို့ခဲ့ကြောင်း သိရသည်။ **Mon**



## သက်ကြီးဝါကြီးများနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများ တရုတ်နိုင်ငံ၌ပြုလုပ် သမ္မတရှီကျင့်ဖျင် သဝဏ်လွှာပေးပို့

**ပေကျင်း အောက်တိုဘာ ၁၁**

အောက်တိုဘာ ၁၁ ရက်တွင် ကျရောက်သော သက်ကြီးဝါကြီးများနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများ တရုတ်နိုင်ငံတစ်ဝန်း၌ ပြုလုပ်ရာ သမ္မတရှီကျင့်ဖျင်က သဝဏ်လွှာပေးပို့ခဲ့ကြောင်း တရုတ်နေ့စဉ်သတင်းဌာနက ဖော်ပြသည်။

တရုတ်ကွန်မြူနစ်ပါတီက ဦးဆောင်ကျင်းပသော ယင်းလှုပ်ရှားမှုများတွင် လူငယ်လူရွယ်များက သက်ကြီးဝါကြီးများကို ဆံပင်ညှပ်၊ ခေါင်းလျှော်၊ ရေချိုး၊ နှိပ်နယ်ပြုစုပေးခဲ့သည့်အပြင် အမှတ်တရလက်ဆောင်များလည်း ပေးခဲ့ကြသည်။

မိမိတို့နိုင်ငံရှိ သက်ကြီးဝါကြီးများအနေဖြင့် စေတနာ့ဝန်ထမ်းလုပ်ငန်းများတွင် ဆက်လက်ပါဝင်ထမ်းဆောင်ကာ ကျန်းမာအသက်ရှည်စေရန် သမ္မတရှီကျင့်ဖျင်က ၎င်းပေးပို့သော သဝဏ်လွှာထဲ၌ ဆုမွန်တောင်းပေးထားသည်။

တရုတ်နိုင်ငံတွင် လူမှုဖွံ့ဖြိုးရေးအတွက် ၂၀၀၃ ခုနှစ်မှစတင်၍ ငွေရောင်အသက်အရွယ်လှုပ်ရှားမှုအစီအစဉ်ကို အစိုးရက ဦးဆောင်အကောင်အထည်ဖော်ခဲ့သည်။

ယင်းအစီအစဉ်၌ လုပ်ငန်းခွင်အသီးသီးမှ အငြိမ်းစားယူပြီးဖြစ်သော သက်ကြီးဝါကြီး စေတနာ့ဝန်ထမ်း ၇ သန်းကျော်တို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

**Mon**

0-0-0-0-0

## တက်စလာ လျှပ်စစ်ကားကုမ္ပဏီအမှုဆောင်အရာရှိချုပ် မောင်းသူမဲ့စက်ရုပ်အငှားကား လက်တွေ့မိတ်ဆက်ပြသ

**ဝါရှင်တန် အောက်တိုဘာ ၁၁**

တက်စလာ လျှပ်စစ်ကားကုမ္ပဏီအမှုဆောင်အရာရှိချုပ် အီလွန်မတ်စ်က မောင်းသူမဲ့ စက်ရုပ်အငှားကားကို အောက်တိုဘာ ၁၀ ရက်က အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျယ်လိစ်မြို့၌ လက်တွေ့မိတ်ဆက်ပြသခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



ကျွန်ုပ်တို့ စက်ရုပ်ဟုအမည်ပေးထားသောအစီအစဉ်တွင် ၎င်းက ပရိသတ်ရှေ့ရှိစင်မြင့်ပေါ်တွင် မောင်းသူမဲ့စက်ရုပ်အငှားကားပေါ်သို့တက်ပြီး စီးနင်းပြသခဲ့သည်။

ဆက်လက်၍ လူ ၂၀ စီးနင်းလိုက်ပါနိုင်သော ဘတ်စ်ကားငယ်အရွယ်အစားရှိသည့် မောင်းသူမဲ့ယာဉ် မှန်လုံမော်တော်ယာဉ်ကိုလည်း ထိုစင်မြင့်ပေါ်တွင် ၎င်း၏အဖွဲ့သားများကိုယ်တိုင် စီးနင်းလိုက်ပါကာ သရုပ်ပြတင်ဆက်ခဲ့သည်။

ထိုကားများကို အမေရိကန်ပြည်ထောင်စုရှိ လမ်းများပေါ်တွင် လာမည့်နှစ်အနည်းငယ်အတွင်း တွေ့မြင်ကြရတော့မည်ဖြစ်ကြောင်း အီလွန်မတ်စ်က ပြောကြားသည်။

နောက်ဆုံးအစီအစဉ်အနေဖြင့် လူသဏ္ဌာန်တူ အော့ပ်တိမတ်စ်စက်ရုပ်များကို ပရိသတ်အကြား လမ်းလျှောက်သွားစေကာ မိတ်ဆက်ပြသခဲ့ပြန်ရာ ပရိသတ် တအံ့တသြဖြစ်ခဲ့ကြောင်း သိရသည်။ **Mon**

## လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တော်အလယ်ပိုင်းသို့ အစ္စရေးတိုက်ခိုက်၊ လူ ၂၂ ဦးထက်မနည်း သေဆုံး



**ဘေရွတ် အောက်တိုဘာ ၁၁**

အောက်တိုဘာ ၁၀ ရက် ညဦးပိုင်းတွင် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တော်အလယ်ပိုင်းသို့ အစ္စရေးဘက်က လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ရာ လူ ၂၂ ဦးထက်မနည်းသေဆုံးကာ ၁၁၇ ဦးဒဏ်ရာရရှိခဲ့သည်ဟု လက်ဘနွန်ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရှီအိုက်အများစုနေထိုင်ကြသော မြို့လယ် ဘာခူရာရပ်ကွက်ကို ဦးတည်တိုက်ခိုက်ရာ လူနေတိုက်တာများ ပြိုလဲပျက်စီးခဲ့ရာ ကယ်ဆယ်ရေးသမားများအနေဖြင့် အပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို ခဲခဲယဉ်းယဉ်းကယ်ဆယ်ခဲ့ရသည်။

ဟစ်ဇဘိုလာကွပ်ကဲရေးမှူးများ ကျဆုံးစေခဲ့သော ဘေရွတ်မြို့တောင်ပိုင်း လေကြောင်းတိုက်ခိုက်မှုအပြီးတွင် အစ္စရေးဘက်က ဘေရွတ်ကို တတိယအကြိမ်မြောက် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးတပ်ဖွဲ့များက လက်ဘနွန်အခြေစိုက် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များကိုပါ မချန် ပစ်ခတ်နေသည်ဆိုသဖြင့် ကုလသမဂ္ဂက ထပ်လောင်းသတိပေးထားကြောင်း သိရသည်။**Mon**



လူ ၅ ဦးထက်မနည်း သေဆုံးစေခဲ့သော မီလ်တန်ဟာရီကိန်းမုန်တိုင်းဒဏ်ကြောင့် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါကမ်းခြေတွင် မြေပြိုမှုဖြစ်ပွားကာ လူနေအိမ်အချို့ပြိုလဲပျက်စီးနေသည်ကို အောက်တိုဘာ ၁၀ ရက်က တွေ့ရစဉ်။ **Mon**

STOP AIDS




## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်လဲကျ၍ လမ်းပိတ်ဆို့မှုအား မီးသတ်တပ်ဖွဲ့ဝင်များက ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ပေး

**ပုဂံ အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံမြို့သစ်၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ကျန်စစ်သား ရပ်ကွက်ရှိ လမ်းမပေါ်တွင် သစ်ပင်လဲကျပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားကြောင်း သိရ၍ ယမန်နေ့ နံနက်ပိုင်းက ပုဂံနယ်မြေမီးသတ်စခန်း တာဝန်ခံလက်ထောက်မီးသတ်ဦးစီးမှူး ဦးမောင်မောင်သိန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်နေပြည်သူများ အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် သွားရောက်ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပုဂံမြို့သစ်၊ ကျန်စစ်သားရပ်ကွက် ပျူစောထီးရပ် အမှတ်(၆)လမ်းမပေါ်တွင် ပင်စည်လုံးပတ် (၄)ပေခန့်၊ အမြင့် ၃၅ ပေခန့်ရှိ ထနောင်းပင်သည် ရေတိုက်စား၍ မြေသားခိုင်မာမှုမရှိသဖြင့် လဲကျခဲ့ခြင်းဖြစ်ကြောင်း သိရပြီး ယမန်နေ့ နံနက်ပိုင်းတွင် ပုဂံနယ်မြေမီးသတ်စခန်း တာဝန်ခံလက်ထောက်မီးသတ် ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများကို ဒေသခံပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရန် စနစ်တကျ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ သစ်ပင်များ လဲကျမှုကြောင့် လမ်းဘေးအနီးရှိ လျှပ်စစ်ဓာတ်တိုင်သုံးတိုင် ကျိုးပဲ့ပျက်စီးခဲ့ရာ လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ရန်ကုန်-မန္တလေးလမ်းဟောင်းမြို့ရှောင်လမ်းတွင် ဆီသယ်ယာဉ် မြို့အဝင်လမ်းလယ်ကျွန်းအား တိုက်မိ

**မန္တလေး အောက်တိုဘာ ၁၁**

ရန်ကုန်-မန္တလေးလမ်းဟောင်း ပဲခူးမြို့နယ် ဥသျှောင်မြို့သစ်(၉)ရပ်ကွက် မြို့ရှောင်လမ်းတွင် ရန်ကုန် သီလဝါဆိပ်ကမ်းမှ ရှမ်းပြည်နယ် ပင်းတယမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်သို့ ပို့ဆောင်ရန် စက်သုံးဆီအောက်တိန်း(၉၂) ၆၅၀၀ ဂါလန်နှင့် ဒီဇယ် ၁၀၀၀ ဂါလန် တင်ဆောင်လာသော ၁၂ ဘီးဆီသယ်ယာဉ်သည် မိုးရွာသွန်းထားသဖြင့် လမ်းချော်ပြီး လမ်းဘေးရှိ လမ်းလယ်ကျွန်းအား တိုက်မိပြီး တိမ်းမှောက်မှုဖြစ်ပွားရာ ပဲခူးမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ သန္နွေမီးသတ် တပ်ဖွဲ့ဝင်များက မီးလောင်မှုမဖြစ်ပွားစေရေး အအေးပေးခြင်း လုပ်ငန်းများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့သည်။ ယာဉ်မတော်တဆမှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

(အောက်ပုံ)

မောင်ပြည်သူ(မန္တလေး)



## တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် အောက်တိုဘာ ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အောက်တိုဘာ ၈ ရက် ညနေ ၅နာရီ ၄၅မိနစ်က သက်သေများနှင့်အတူ တာချီလိတ်မြို့နယ်၊ ဝမ်ပုံကျေးရွာအနီးတွင် အိုက်အော့(ခ)စိုင်းအွတ်ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်းသို့ ဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၅နာရီ ၅၅ မိနစ်က ကျဒိန်ဆိုသူအား တာချီလိတ်မြို့နယ်၊ ဝမ်ပုံကျေးရွာအနီးတွင် စိတ်ကြွ ရူးသွပ်ဆေးပြား ၁၀၀၀ ပြား၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အိုက်အော့(ခ) စိုင်းအွတ် (၃၆)နှစ်နှင့် ကျဒိန်(၅၁)နှစ်ဆိုသူတို့အား ဝမ်ပုံနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## မင်းတပ်မြို့တွင် လူမနေသည့်အိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့၍ လူနေအိမ် ၈၀ နီးပါး ပျက်စီးကြောင်း သတင်းတု၊ သတင်းမှားများ ဝါဒဖြန့်လုပ်ကြံလျက်ရှိ




နေပြည်တော် အောက်တိုဘာ ၁၁

ချင်းပြည်နယ် မင်းတပ်မြို့တွင် လူမနေသည့် အိမ်များကို တပ်မတော်က မီးရှို့ဖျက်ဆီးနေခြင်းကြောင့် အိမ်ခြေ ၈၀ နီးပါး ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်မီဒီယာများက လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မင်းတပ်မြို့ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လူမနေသည့်အိမ်များကို မီးရှို့၍ ဖျက်ဆီးခဲ့သည်ဆိုသည့် သတင်းမှာ သတင်းတု၊ သတင်းမှားများသာဖြစ်ကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် မင်းတပ်မြို့တွင် နေထိုင်နေကြသည့် ပြည်သူ၊ ပြည်သားများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်မည်ကို မလိုလားသဖြင့် တမင်သက်သက် လှုံ့ဆော်ဝါဒဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အောက်တိုဘာ ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက သက်သေများနှင့်အတူ ပုသိမ်ကြီးမြို့နယ်၊ မြောက်တံတိုင်းရှည်ကျေးရွာနေ သူရမင်း(ခ)မင်းမင်းဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၄င်းအားမတွေ့ရှိဘဲ မစုပုံချစ်၊ စံလင်းဆိုသူတို့နှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စံလင်း(၂၇)နှစ်၊ မစုပုံချစ်နှင့် သူရမင်း(ခ)မင်းမင်းဆိုသူတို့အား အုန်းချောနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ရန်ကုန်-မန္တလေးအမြန်လမ်း ခရီးသည်တင်ယာဉ် မီးလောင်မှုဖြစ်ပွား

**မန္တလေး အောက်တိုဘာ ၁၁**

ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၂၅၆/၆ နှင့် ၂၅၆/၇ ကြားတွင် အောက်တိုဘာ ၇ ရက် ည ၁၁နာရီခွဲခန့်က အင်ဂျင်ခန်းအပူလွန်ကဲပြီး မီးခိုးများထွက်ကာ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပေပင်လေးအမြန်လမ်း မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ သန္နွေမီးသတ်တပ်ဖွဲ့ဝင်များက ထွက်ခွာငြိမ်းသတ်ရာ ည ၁၁ နာရီ မိနစ် ၅၀တွင် မီးငြိမ်းသွားခဲ့သည်။

(ဝဲပုံ)



အဆိုပါ မီးလောင်မှုဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ (၀၄၅)

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ သာသနတက္ကသီလ ဓမ္မာစရိယနှင့် သာသနတက္ကသီလ မဟာဓမ္မာစရိယ အတန်းတင်စာမေးပွဲ ဖြေဆိုတော်မူနေသည့် သံဃာတော်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်

**မန္တလေး အောက်တိုဘာ ၁၁**

အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)၌ ၂၀၂၃-၂၀၂၄ပညာသင်နှစ် သာသနတက္ကသီလ ဓမ္မာစရိယနှင့် သာသနတက္ကသီလ မဟာဓမ္မာစရိယ အတန်းတင် စာမေးပွဲကို အောက်တိုဘာ ၉ ရက်နေ့မှ စတင်ကျင်းပလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့သွားရောက်၍ ကြီးကြပ်ရေးဆရာတော်များနှင့် စာဖြေသံဃာတော်များအား ဖူးမြော်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရ၊ ဒုတိယပါမောက္ခချုပ်(စီမံ) ဆရာတော် ဒေါက်တာဘဒ္ဒန္တပဒုမသာရနှင့် မော်ကွန်းထိန်းဆရာတော် ဒေါက်တာဘဒ္ဒန္တကုမုဒတို့အား ဖူးမြော်၍သာသနာရေးရာများ လျှောက်ထားပြီး အချိုရည်ဘူးများ ဆက်ကပ် လှူဒါန်းခဲ့သည်။


ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ မဟာပထမနှစ်၊ မဟာဒုတိယနှစ်တို့မှ အေးချမ်းစွာ ဖြေဆိုနေသည့် စာဖြေသံဃာတော်များနှင့် ကြီးကြပ်ဆရာတော်များအား လိုက်လံဖူးမြော်ခဲ့ပြီး စာဖြေသံဃာတော်များ စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရေးအလေးထားကာ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ် သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









## ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၁၉)ပထမနှစ်သင်တန်း(ပထမအစမ်း)စာမေးပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်အတွင်းရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၏ သင်တန်းအမှတ်စဉ်(၁၉)ပထမနှစ်သင်တန်း (ပထမအစမ်း)စာမေးပွဲကို ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက် အောက်တိုဘာ ၁၁ရက်၊ (သောကြာနေ့) နံနက် ၈ နာရီမှ စတင်၍ ကြေညာထားပြီးသော စာမေးပွဲအချိန်ဇယား အတိုင်း မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်း၊ စာဖြေဆောင်၌ ကျင်းပပြုလုပ်သည်။

သင်တန်းအမှတ်စဉ်(၁၉)၊ ပထမနှစ်သင်တန်း(ပထမအစမ်း) စာမေးပွဲကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၏ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ၊ B.A၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)နှင့် သင်တန်းကထိက ဆရာတော် (၁၂)ပါးတို့က စီမံကြီးကြပ်တော်မူကြပြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဥပဋ္ဌာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်း၊ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်နှင့် ဥပဋ္ဌာယကအဖွဲ့ဝင်များတို့က တက်ရောက်ကြည်ညိုကာ လိုအပ်သည်များကို ကုသိုလ်ပြုဆောင်ရွက်ပေးကြသည်။

အဆိုပါ သင်တန်းအမှတ်စဉ်(၁၉)ပထမနှစ်သင်တန်း(ပထမအစမ်း)စာမေးပွဲတွင် စာဖြေသင်တန်းသား သံဃာတော်(၆၄)ပါးတို့က ဝင်ရောက်ဖြေဆိုတော်မူကြပြီး စာမေးပွဲကို အောက်တိုဘာ ၁၁ ရက်မှ ၁၆ ရက်အထိ နေ့စဉ် နံနက်ပိုင်း၊ မွန်းလွဲပိုင်း နှစ်ကြိမ်ခွဲ၍ သက်ဆိုင်ရာ ဘာသာရပ်များကို ဖြေဆိုတော်မူကြမည် ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)** (၀၅၂)

## မန္တလေးစွယ်တော်မြတ်စေတီတော် ဒသမအကြိမ် ဆီမီးကိုးထောင်ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်

**အမရပူရ အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ နတ်ရေကန်အုပ်စု၊ ရှားတောလေးကျေးရွာအနီးတွင် တည်ထားကိုးကွယ်ထားသော မန္တလေးစွယ်တော်မြတ်စေတီတော်၏ သီတင်းကျွတ်လပြည့် အဘိဓမ္မာ အခါတော်နေ့တွင် ဒသမအကြိမ် ဆီမီးကိုးထောင်ထွန်း ညှိပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီအချိန်က စွယ်တော်မြတ်စေတီ ပရိဝုဏ်အတွင်း ကျင်းပသည်။

ဦးစွာ အစည်းအဝေးကို နမောတဿသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ခဲ့ပြီး စွယ်တော်မြတ်စေတီ ဆီမီးကိုးထောင်ထွန်းညှိ ပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီနာယက မန္တလာတက္ကသိုလ်ပါမောက္ခချုပ် ဒေါ်ခင်စန်းစန်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်ပြီး ပွဲတော်ဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ အမရပူရမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွန့်ဦးက ပွဲတော် စည်ကားသိုက်မြိုက်ရေး ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ပွဲတော်အတွက် စွယ်တော်မြတ်စေတီဂေါပက အတွင်းရေးမှူး ဦးစန်းယုက ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ပွဲတော်ဖြစ်မြောက်ရေးကော်မတီ၊ ဆပ်ကော်မတီများက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် နာယကများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတုသုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**(စိုးသီဟ)**



# နိုင်ငံတကာ အားကစား သတင်းများ



## နော်ဝေအသင်းသမိုင်းတစ်လျှောက် ဂိုးအများဆုံးသွင်းယူသူအဖြစ် ဟာလန်းမှတ်တမ်းဝင်

**လန်ဒန် အောက်တိုဘာ ၁၁**

နော်ဝေအသင်းတိုက်စစ်မှူး ဟာလန်း(သွင်းဂိုး ၃၄ဂိုး)သည် အသင်း ကစားသမားဟောင်း ဂျော်ဂင်ဂျူဗီ (သွင်းဂိုး ၃၃ဂိုး)အား ကျော်ဖြတ်ပြီး အသင်းသမိုင်း တစ်လျှောက် ဂိုးအများဆုံး သွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။



အဆိုပါ တိုက်စစ်မှူးသည် ယူအီးအက်ဖ်အေနေရှင်းလိဂ်အုပ်စု ပွဲစဉ်အဖြစ် နော်ဝေအသင်းက ဆလိုဗေးနီးယားအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူးဟာလန်းသည် နော်ဝေအသင်းနှင့်အတူ ၂၀၁၉မှ ၂၀၂၄ အထိ ပြိုင်ပွဲပေါင်း ၃၆ ပွဲ ကစားကာ ၃၄ ဂိုးထိ သွင်းယူနိုင်ခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဟာလန်းက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုတွေ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ပုံ)** (NGB)

## ပြင်သစ်အသင်းက အစ္စရေးအသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**ပါရီ အောက်တိုဘာ ၁၁**

ယူအီးအက်ဖ်အေနေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ အုပ်စု A ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပြင်သစ်အသင်းနှင့် အစ္စရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြင်သစ်အသင်းက အစ္စရေးအသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပြင်သစ်အသင်းအတွက် သွင်းဂိုး လေးဂိုးကို ပွဲချိန် ခုနစ်မိနစ်တွင် ကာမာဗင်ဂါ၊ ပွဲချိန် ၂၈ မိနစ်တွင် အန်ကွန်ကူ၊ ပွဲချိန် ၈၇ မိနစ်တွင် ဌမ်ဒူဗီ၊ ပွဲချိန် ၈၉ မိနစ်တွင် ဘာကိုလာတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ပြင်သစ်အသင်းသည် ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ အုပ်စု A ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၁၅ ရက်တွင် ဘယ်လ်ဂျီယံအသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။ **(အပေါ်ဝဲပုံ)**

(NGB)

## ကမ္ဘာ့ဘောလုံးလောကတွင် တန်ဖိုးအကြီးဆုံးလူစာရင်းပိုင်ဆိုင်သည့် အသင်းအဖြစ် ရီးရဲလ်မက်ဒရစ်အသင်းရပ်တည်

**မက်ဒရစ် အောက်တိုဘာ ၁၁**

ကမ္ဘာ့ဘောလုံးလောကတွင် တန်ဖိုးအကြီးဆုံး လူစာရင်းပိုင်ဆိုင်သည့် အသင်းအဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက စတာလင်ပေါင် ၁ ဒသမ ၄၅ဘီလီယံဖြင့် ထိပ်ဆုံးတွင် ရပ်တည်ခဲ့ကြောင်း ဘောလုံးအချက်အလက်နှင့် စာရင်းအင်းကုမ္ပဏီ CIES က ထုတ်ပြန်ထားသည်။

CIES ၏ ထုတ်ပြန်ချက်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ထိပ်ဆုံးတွင် ရပ်တည်ပြီး ၄င်းနောက်တွင် မန်ချက်စတာစီးတီး၊ ချဲလ်ဆီး၊ အာဆင်နယ်၊ ဘာစီလိုနာ၊ လီဗာပူး၊ ပီအက်စ်ဂျီ၊ မန်ယူ၊ စပါး၊ လေဗာကူဆင်တို့ အသီးသီးရပ်တည်ခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့်နွေရာသီဈေးကွက်အတွင်း ဂျူဆေးလူ၊ ဘာပေစသည့် ထိပ်သီးကစားသမားများကို ခေါ်ယူနိုင်ခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပွဲစဉ် ၉ပွဲကစားအပြီးတွင် ရမှတ် ၂၁ မှတ်ဖြင့် အဆင့် ၂ နေရာတွင် ရပ်တည်ခဲ့သည်။

**(အပေါ်ယာပုံ)**

(NGB)

## 2024 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Jannik Sinner တက်ရောက်



**ရှန်ဟိုင်း အောက်တိုဘာ ၁၁**

တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အီတလီ တင်းနစ်ကစားသမား Jannik Sinner တက်ရောက်ခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2024 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမား Daniil Medvedev အား ၆-၁၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Rolex Shanghai Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီ တင်းနစ်ကစားသမား Jannik Sinner နှင့် ချက် တင်းနစ်ကစားသမား Tomas Machac တို့ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်သည်။

(NGB)



## ဘာလော့တယ်လီအား ခေါ်ယူရန် ဂျီနိုအာနှင့် တိုရီနိုတို့ အပြိုင်ကမ်းလှမ်းမှုများ ပြုလုပ်

**တူရင် အောက်တိုဘာ ၁၁**

စီးရီးအေကလပ်အသင်းများဖြစ်သည့် ဂျီနိုအာအသင်းနှင့် တိုရီနိုအသင်းတို့သည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်တိုက်စစ်မှူး ဘာလော့တယ်လီအား ခေါ်ယူရန် အပြိုင်ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ကြသည်။

အသက်(၃၄)နှစ် အရွယ်ရှိ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် အင်တာမီလန်၊ မာဆေးလ် စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားခဲ့ဖူးပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦး ဖြစ်ခြင်းကြောင့် စီးရီးအေကလပ် အသင်းများက ခေါ်ယူရန် ကမ်းလှမ်းလာခြင်းဖြစ်သည်။

တိုက်စစ်မှူးဘာလော့တယ်လီကိုယ်တိုင်ကလည်း အဆိုပါကလပ်အသင်းများ၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိသည်။

ထို့ကြောင့် ဂျီနိုအာအသင်းနှင့် တိုရီနိုအသင်းတို့အနေဖြင့် အသင်းလက်မဲ့ ဖြစ်နေသော ဘာလော့တယ်လီအား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲ ဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။**(အောက်ပုံ)**(NGB)



## မိုဟာမတ်ကူဒတ်စ်အား ခေါ်ယူရန် လီဗာပူးအသင်းစီစဉ်



**လီဗာပူး အောက်တိုဘာ ၁၁**

လီဗာပူးအသင်းသည် ဝက်စ်ဟမ်းအသင်း တောင်ပံကစားသမား မိုဟာမတ်ကူဒတ်စ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဝက်စ်ဟမ်း အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၄ ပွဲကစားပြီး ၁၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းကလည်း မိုဟာမတ်ကူဒတ်စ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ် ရှိသည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် ဝက်စ်ဟမ်းအသင်းထံမှ မိုဟာမတ်ကူဒတ်စ်အား ရရှိအောင်ခေါ်ယူနိုင်မည်လား ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(ယာပုံ)**

(NGB)

## ဘောလုံးသတင်းအတိုအထွာများ

* လီဗာပူးအသင်း ကွင်းလယ်ကစားသမား အိုဘိုဆလိုင်းက မိမိအနေဖြင့် အသင်းနှင့်အတူ ပရီးမီးယားလိဂ် ချန်ပီယံဆုနှင့် ချန်ပီယံလိဂ် ချန်ပီယံဆုတို့ကို ရယူသွားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

* ၂၀၂၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တောင်အမေရိကဇုန်ခြေစစ်ပွဲစဉ်တွင် ဘရာဇီးအသင်းက ချီလီအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ (NGB)

## ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်) ပွဲစဉ် - ၃ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | လိဂ် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|---|---|
| ၁၂-၁၀-၂၀၂၄ စနေနေ့ | ည ၁၀း၃၀ နာရီ | C | ၂ | လစ်သူယေးနီးယား - ကိုဆိုဗို | ကိုဆိုဗို ၄-၀ လစ်သူယေးနီးယား |
| • | ည ၁၀း၃၀ နာရီ | A | ၁ | ဒိုင်အေးရား - စကော့တလန် | ဒိုင်အေးရား ၃-၁ စကော့တလန် |
| • | • | C | ၃ | ဘူလ်ဂေးရီးယား - လူဇင်ဘတ် | လူဇင်ဘတ် ၀-၀ ဘူလ်ဂေးရီးယား |
| ၁၃-၁၀-၂၀၂၄ တနင်္ဂနွေနေ့ | နံနက် ၀၁း၁၅ နာရီ | A | ၁ | ပိုလန် - ပေါ်တူဂီ | ပေါ်တူဂီ ၁-၁ ပိုလန် |
| • | • | A | ၄ | ဆားဘီးယား - ဆွစ်ဇာလန် | ဆားဘီးယား ၂-၃ ဆွစ်ဇာလန် |
| • | • | A | ၄ | စပိန် - ဒိန်းမတ် | ဒိန်းမတ် ၀-၃ စပိန် |
| • | • | C | ၂ | ဆိုက်ပရပ်စ် - ရိုမေးနီးယား | ရိုမေးနီးယား ၂-၁ ဆိုက်ပရပ်စ် |
| • | • | C | ၃ | ဘီလာရုစ် - မြောက်အိုင်ယာလန် | ဘီလာရုစ် ၀-၁ မြောက်အိုင်ယာလန် |

## နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၂-၁၀-၂၀၂၄ စနေနေ့ | ညနေ ၅း၃၀ နာရီ | အိန္ဒိယ - လက်ဘနွန် |
| ၁၃-၁၀-၂၀၂၄ တနင်္ဂနွေနေ့ | နံနက် ၇း၃၀ နာရီ | အမေရိကန် - ပနားမား |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် ရာဂီမုန်တိုင်း၏အကျိုးသက်ရောက်မှုကြောင့် စိုက်ပျိုးမြေဧရိယာများ ထိခိုက်ပျက်စီးမှုနှင့် ဆည်၊ ကန်၊ တမံများမှ မိုးစပါးစိုက်ပျိုးရေပြန်လည်ပေးဝေနိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်





**မန္တလေး အောက်တိုဘာ ၁၁**

ရာဂီမုန်တိုင်း၏အကျိုးသက်ရောက်မှုကြောင့် မန္တလေးတိုင်းဒေသကြီးတွင် စိုက်ပျိုးမြေဧရိယာများ ထိခိုက်ပျက်စီးမှုနှင့် ဆည်၊ ကန်၊ တမံများမှ မိုးစပါးစိုက်ပျိုးရေ ပြန်လည်ပေးဝေနိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ တိုင်းဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရာဂီမုန်တိုင်းကြောင့် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမြေဧရိယာများ ထိခိုက်ပျက်စီးမှုများရှိခဲ့ပြီး ပြန်လည်ကုစားခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လုပ်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ စိုက်ပျိုးမြေဧရိယာများအတွက် စိုက်ပျိုးရေရရှိရေးသည် အလွန်အရေးကြီးပါကြောင်း၊ ဆည်၊ ကန်၊ တမံများနှင့်ပတ်သက်၍ ပြုပြင်ဆောင်ရွက်ရန် လိုအပ်သည်များကိုလည်း အချိန်ကာလတစ်ခုအတွင်းပြီးစီးရန် သက်ဆိုင်ရာဌာနများ အချင်းချင်းချိတ်ဆက်ညှိနှိုင်းပေါင်းစပ်ကာ အချိန်နှင့်တပြေးညီဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် လိုအပ်သည်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီးဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း) တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက ရာဂီမုန်တိုင်း၏ အကျိုးသက်ရောက်မှုကြောင့် ဆည်၊ ကန်၊ တမံ ရေသောက်စနစ်များ ထိခိုက်ပျက်စီးမှုများ ကြုံတွေ့ခဲ့ရမှုများနှင့် ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများ၊ စိုက်ပျိုးမြေဧရိယာများအတွက် စိုက်ပျိုးရေများ အချိန်မီ ပေးဝေနိုင်အောင် စီမံဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁ လမ်းနှင့်၇၂လမ်းကြားတွင် ယနေ့ မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အခိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀-၀

## ဆင်ပေါင်ဝဲမြို့နယ်၌ သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်းရောဂါ ဝေဒနာရှင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်းရောဂါဝေဒနာရှင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာမွန်စိုးရီဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက အသက်(၄၀)နှင့်အထက်ပြည်သူများအား သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်းရောဂါခံရှိသူများ၊ နာတာရှည်ဝေဒနာရှင်များအား စစ်ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး သက်ဆိုင်ရာရောဂါများအလိုက် သောက်ဆေးများ အခမဲ့ပေးခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

၀-၀-၀-၀-၀



## မင်းဘူး(စကု)မြို့နယ်၌ နွေစပါး ဧက ၁၇၀၀ ကျော် လျာထားစိုက်ပျိုးသွားမည်

**မင်းဘူး အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၌ မိုးစပါး ဧက ၁၇၃၂ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ စိုက်ပျိုးရာတွင် ဆိုလာလျှပ်စစ်ရေတင်စနစ်၊ ဆည်ရေသောက်စနစ်၊ မြေအောက်ရေ စုပ်တင်သည့်စနစ်များဖြင့် နည်းမျိုးစုံ စိုက်ပျိုးကြမှာဖြစ်ပြီး မဲဇလီဆည်မှ ၉၅၇ ဧက၊ လျှပ်စစ်ရေတင်စီမံကိန်းတွင် ကမ်းနီဆိုလာလျှပ်စစ်ရေတင်စီမံကိန်းမှ ဧက ၁၀၀၊ ကျောက်စံလျှပ်စစ်ရေတင်စီမံကိန်းမှ ဧက ၁၀၀၊ မြေအောက်ရေ စုပ်တင်ခြင်းစနစ်မှ ၅၇၅ ဧကဖြစ်၍ စုစုပေါင်း ၁၇၃၂ ဧက စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဇော်မင်းသူက ပြောသည်။

တောင်သူလယ်သမားများအနေဖြင့် နွေစပါးစိုက်ပျိုးလျှင် အထွက်နှုန်းကောင်းစေရန် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးသုံးစွဲခြင်း၊ သီးနှံဖျက်ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်ခြင်း၊ မျိုးကွဲပေါင်းများ နုတ်ပယ်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး စိုက်ပျိုးသည့်စနစ်ကောင်းမွန်မှန်ကန်အောင် ဆောင်ရွက်ခြင်းစသော အချက်များကို လိုက်နာဆောင်ရွက်ပါလျှင် နွေစပါးတစ်ဧက အထွက်နှုန်း တိုးတက်ထွက်ရှိလာမည်ဖြစ်သည်။ သို့ဖြစ်၍ ပိုးမွှားရောဂါကာကွယ်တားဆီးရေးနှင့် စိုက်ပျိုးရေးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများနှင့် တွေ့ဆုံရှင်းလင်းခြင်း၊ နည်းပညာပေးသင်တန်းများဖြင့် ပို့ချသင်ကြားပေးခြင်းများ ဆောင်ရွက်သွားမှာဖြစ်ကြောင်း မင်းဘူးမြို့မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(အပေါ်ပုံ)(၅၀၄)**

## (၃၆)ကြိမ်မြောက် စုပေါင်းဘုံကထိန်ကျင်းပရေးညှိနှိုင်းဆွေးနွေး

**မန္တလေး အောက်တိုဘာ ၁၁**

(၃၆)ကြိမ်မြောက် မန္တလေးမြို့ မီးသတ်တပ်ဖွဲ့မိသားစု စုပေါင်း မဟာဘုံကထိန်တော် အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၈၁လမ်းနှင့် ၂၉လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ဇဟိုမီးသတ်စခန်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ မန္တလေးခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးအရန်မီးသတ်ကြီးကြပ်ရေးကော်မတီဝင်များ တက်ရောက်ကြပြီး နှစ်စဉ် တန်ဆောင်မုန်းလအတွင်း စုပေါင်းမဟာဘုံကထိန် အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ဇဟိုမီးသတ်ရှေ့တွင် လှူဖွယ်များခင်းကျင်းကာ ကျောင်းတိုက်သို့ ပို့ဆောင်ရေစက်ချလှူဒါန်းရေး ဆွေးနွေးခဲ့ကြသည်။ (ဝဲပုံ)

မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးသူဇာတို့အား မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတပ်ဖွဲ့ဝင်များက သီတင်းကျွတ်ဂါရဝပြု ကန်တော့ခဲ့ကြပြီး တပ်ဖွဲ့ဝင်များအား သီတင်းကျွတ်မုန့်ဖိုးများ ပေးဝေခဲ့ကြောင်း သိရသည်။ (ဝ၄၅)



## မကွေးတိုင်းဒေသကြီး GAP နှမ်းစိုက်တောင်သူများ စုပေါင်းရောင်းချပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီးအတွင်းရှိ GAP စနစ်ဖြင့် စိုက်ပျိုးထားသည့် နှမ်းများ စုပေါင်းရောင်းချပွဲတော်ကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၂ ရက်အထိ မကွေးမြို့ သင်ကြားရေး ဆေးရုံလမ်းရှိ မြင့်မြတ်တော်ဝင်ကုမ္ပဏီဂိုထောင်တွင် ရောင်းချနေကြောင်း မကွေးတိုင်း တောင်သူဖွံ့ဖြိုးရေးအဖွဲ့ထံမှ သိရသည်။

အောက်တိုဘာလဆန်းပိုင်းတွင် စမုန်နှမ်းနက် တစ်တင်းလျှင် ငွေကျပ် ၂၂၅၀၀၀ ဝန်းကျင်နှင့် နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၄၅၀၀၀ ပေါက်ဈေးများနှင့် ရောင်းချနေခြင်းဖြစ်သည်။

GAP စနစ်ဖြင့် စိုက်ပျိုးထားသည့် နှမ်းများကို စုပေါင်းရောင်းချခြင်းမှာ တောင်သူများအတွက် အဆင်ပြေမှုရှိသောကြောင့် ၂၀၁၇ ခုနှစ်ကတည်းက စုပေါင်းရောင်းချလာခြင်းဖြစ်ကြောင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးထားသည့် အခြားသီးနှံများကိုလည်း စုပေါင်းရောင်းချပွဲတွေ ဆောင်ရွက်နေကြောင်း မကွေးတိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟန်ညွှန့်က ပြောသည်။

စုပေါင်းရောင်းချပွဲတော်မှာ တစ်နှစ်ထက်တစ်နှစ် ရောင်းချမှုပမာဏ ပိုမိုများပြားလာသလို ရောင်းသူ၊ ဝယ်သူ နှစ်ဦးနှစ်ဖက် အဆင်ပြေသည့် အစီအစဉ်ဖြစ်သည့်အပြင် တောင်သူများအတွက် ဈေးကောင်းပိုမိုရရှိကြောင်း နှမ်းစိုက်တောင်သူများက ပြောသည်။

နှမ်းမျိုးစုံဈေးကွက်မှာ နယ်စပ်ကုန်သွယ်မှုများမှ တင်ပို့နိုင်ခြင်းမရှိသော်လည်း ပြည်တွင်းဆီစက်ပိုင်များ၏ ဝယ်လိုအားကောင်းနေခြင်းကြောင့် မန္တလေးဈေးကွက်တွင် အောက်တိုဘာ ၁၁ ရက်တွင်နှမ်းနက်(စမုန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၆၁၅၀၀၀-၆၃၅၀၀၀-၆၆၀၀၀၀ ၊ နှမ်းဖြူ ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ နှမ်းညို ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

(အောက်ပုံ)

ရွှေမန်း



## ဇူလိုင်နှင့် ဩဂုတ်လများတွင် တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးက အများဆုံးဟု ဆို

**မန္တလေး အောက်တိုဘာ ၁၁**

အကောက်အခွန်ဦးစီးဌာနက တရားမဝင် ကုန်သွယ်မှုများကိုစစ်ဆေးလျက်ရှိရာ ဇူလိုင်နှင့် ဩဂုတ်လတွင် မန္တလေးတိုင်းဒေသကြီးတွင် တရားမဝင် ကုန်သွယ်မှုနှင့်ပတ်သက်၍ ဖမ်းဆီးရမိမှုအများဆုံးဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။



လိုင်စင်မဲ့ယာဉ်များ၊ တရားမဝင် ကုန်စည်တင်ဆောင်သည့် ယာဉ်များ လုပ်ငန်းသုံးကုန်ကြမ်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကုန်ပစ္စည်းများ ဖမ်းဆီးရမိသည်ဟု ဆိုသည်။

"တစ်ဖက်နိုင်ငံနဲ့ ကုန်သွယ်မှုလုပ်တဲ့အခါမှာ အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်ရမှာပါ။ ဒီနှစ်မှာ ပြည်တွင်း လိုအပ်ချက်ရှိတဲ့ ကုန်စည်တွေကို တရားမဝင် တင်သွင်းတာတွေ များလာတာတွေ့ရတယ်။ ခုလိုတင်သွင်းလာရင် ဆုံးရှုံးနစ်နာစေတယ်"ဟု ယင်းကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံတော်၏ လိုအပ်ချက်အရ နိုင်ငံခြားငွေစီးဆင်းမှုကို လျှော့ချပြီး သွင်းကုန်ပစ္စည်းတင်သွင်းစီးဆင်းကန့်သတ်မှုများအပေါ် အခွင့်ကောင်းယူကာ ပြည်တွင်း လိုအပ်ချက်ရှိသော ကုန်စည်များကို တရားမဝင် တင်သွင်းမှုများ ပြုလုပ်နေကြကြောင်း သိရသည်။

တရားမဝင် ကုန်သွယ်မှုများကို နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများ၌ တားဆီးစစ်ဆေးမှုများ ပြုလုပ်နေသည့်အပြင် ပြည်တွင်းရှိ သိုလှောင်ရုံများအထိ စစ်ဆေးအရေးယူရန်လည်းလိုကြောင်း ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဩဂုတ်အထိ နှစ်နှစ်ကျော်ကာလအတွင်း တရားမဝင် ကုန်သွယ်မှုမှ တန်ဖိုးငွေကျပ် ဘီလီယံ ၃၀၀ ခန့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

၀-၀-၀-၀-၀-၀

## ဆင်လိမ္မာလေးများ၏ ဆန်းသစ်သည့်ကကွက်ဆန်းများနှင့် အခြားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မင်းဘူး အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ် ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းတွင် ဆင်လိမ္မာလေးများ၏ ကကွက်ဆန်းများ အပါအဝင် အခြားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း ဆင်စခန်းတာဝန်ခံများထံမှ သိရသည်။



ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းသည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှစတင်ကာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖြစ် ဖော်ဆောင်ထားသော ဆင်စခန်းများတွင် တစ်ခုဖြစ်ပြီး ပြည်တွင်း၊ ပြည်ပမှ ခရီးသွားလာခြင်း လွယ်ကူစေရန်နှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့် နေရာဖြစ်သည့် အပြင် တောတောင်ရေမြေနှင့် သဘာဝအလှအပများ၊ စိမ်းစို၍ ရှခင်းများကောင်းသောနေရာများကို အခြေခံကာ တည်ဆောက်ထားခြင်း ဖြစ်သည်။

ယခုနှစ်တွင် ဆင်လိမ္မာလေးများ၏ ကကွက်များကို လူအများ စိတ်ဝင်စားဖွယ်ရာကောင်းသော ကကွက်အသစ်အဆန်းများဖြင့် တီထွင်ဆန်းသစ်ကာ ကပြစေခြင်း၊ VIP ဆောင်များ တိုးချဲ့ပြင်ဆင်ထားရှိခြင်း၊ ဆင်စခန်းပရိဝုဏ်အတွင်း ကွန်ကရစ်လမ်းအရှည်ပေ ၁၉၀၀ ပေ၊ ခင်းပေးထားခြင်း၊ အရိပ်ရ၍ အသီးအမှည့်များအား ဆင်စာအဖြစ် ကျွေးမွေးရန်၊ မန်ကျည်းပင် ၄၀၀၀ စိုက်ပျိုးထားခြင်း စသော ယခင်နှစ်များနှင့်မတူအောင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်။

ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းမှာ ရွှေစက်တော်ဘုရားမှ နှစ်မိုင်သာဝေးကွာတာကြောင့် စက်တော်ရာပါဒခြေတော်ရာနှစ်ဆူကို ဖူးပြီးပါက ဆင်စခန်းသို့လာကာ ဆင်လိမ္မာလေးများ၏ ကကွက်အသစ်အဆန်းများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုခြင်း ဆင်များစီးပြီး မန်းချောင်းတစ်လျှောက်ရှိ တောတောင်ရေမြေနှင့် သဘာဝအလှအပတရားများကို ကြည့်ရှုခံစားရင်း မိမိတို့၏လုပ်ငန်းခွင်များမှ ပင်ပန်းမှုများကို အတိုးချအနားယူကာ အပန်းဖြေနိုင်မည်ဖြစ်သည်။ ဆင်စခန်းတွင် ဆင် ၁၄ ကောင်ရှိပြီး ဆင်စီးပြီး အပန်းဖြေမည်ဆိုပါက ဆင်စီးခနှုန်းထားများမှာ နိုင်ငံခြားသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် နိုင်ငံသားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်သည်။ ယခင်နှစ်များက ရွှေစက်တော်ဘုရားဖူးကာလဖြစ်သော တပို့တွဲလဆန်း ၅ ရက်မှ နှစ်ဆန်း ၁ ရက်အထိ သုံးလတာကာလများတွင်သာ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးသူနှင့် လာရောက် လေ့လာလည်ပတ်သူ အများအပြားရှိကြောင်း သိရသည်။ (အပေါ်ပုံ)

ထို့အပြင် ဆင်စခန်းတွင် ရေမီးအစုံဖြင့် တည်းခိုစရာ ဘန်ဂလိုများလည်းရှိပြီး ရိုးရိုးတည်းခိုဆောင် တစ်လုံးလျှင် ငွေကျပ် ၄၀၀၀၀၊ VIP တည်းခိုဆောင် အခန်းတစ်ခန်းလျှင် ငွေကျပ် ၇၀၀၀၀ ဖြင့် တည်းခိုနိုင်သည့်အပန်းဖြေလေ့လာချင်စရာကောင်းသော အထင်ကရနေရာတစ်ခုဖြစ်တာကြောင့် ကြည်လင်အေးမြသော မန်းချောင်းရေကို ချိုး၍ တောတောင်ရေမြေနှင့် သဘာဝအလှအပတရားများကို ဆင်စီးပြီး လေ့လာခံစားခြင်း၊ ဆင်လိမ္မာလေးများရဲ့ တစ်မူထူးခြားပြီး ဆန်းသစ်တဲ့ ကပြဖျော်ဖြေမှုများနှင့်အတူ အခြားထူးခြားတဲ့ အစီအစဉ်သစ်များနဲ့ တင်ဆက်သွားမှာဖြစ်လို့ လာရောက်အပန်းဖြေကြည့်ရှုလေ့လာနိုင်ကြရန် မန်းချောင်းအပန်းဖြေဆင်စခန်းမှ ဖိတ်ခေါ်လိုက်ရပါတော့သည်။ (၅၀၄)

# မန္တလေးမြို့တော် သန့်ရှင်းသာယာလှပရေးအတွက် စွန့်ပစ်ရေဆိုး စီမံခန့်ခွဲမှု

မြို့ပြတစ်ခုဖြစ်လာသည်နှင့် ရေပေးဝေဖြန့်ဖြူးရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ မိလ္လာ အပါအဝင် စွန့်ပစ်ရေဆိုးများ စနစ်တကျ စွန့်ထုတ်ရေး တို့သည် မဖြစ်မနေ အကောင်အထည်ဖော် စီမံဆောင်ရွက်ပေးရသည်။ သို့မှသာ မြို့တော်သန့်ရှင်းသာယာလှပပြီး မြို့နေလူထု စိတ်ချမ်းသာစေမည် ဖြစ်ပါသည်။

ခိုင်ဆက်ဝေ

ထို ကောင်းမွန်သောရည်ရွယ်ချက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် ဌာနပေါင်း ၁၄ ခုဖြင့် ကဏ္ဍအသီးသီးတွင် ဖြည့်ဆည်းဆောင်ရွက်ပေးနေပြီး ရေနှင့်သန့်ရှင်းမှုဌာနသည်လည်း ၄င်း၏တာဝန်များကို အရာထမ်း ၁၈ ဦး၊ အမှုထမ်း ၂၁၈ ဦးနှင့် ယာယီဝန်ထမ်း ၁၈၅ ဦးတို့ဖြင့် လုပ်ငန်းဆောင်ရွက်နေကြသည်။



မြို့ပြဧရိယာနှင့် လူဦးရေတိုးပွားလာသည်နှင့်အမျှ သောက်သုံးရေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်မှာ လက်ရှိအခြေအနေတွင် တစ်ရက်လျှင် ရေဂါလန်ပေါင်း ၅၁ သန်းခန့်ရှိရာ ရေဂါလန် ၄၂ သန်းခန့် ဖြန့်ဖြူးပေးလျက်ရှိသည်။ ထိုဖြန့်ဖြူးပေးဝေနေသောရေမှာ မြေအောက်ရေ ၃၁ သန်းကျော်နှင့် မြေပေါ်ရေ ၁၀ သန်းကျော်ဖြစ်သည်ဟု ဆိုပါသည်။ မြေအောက်ရေ ဆုံးရှုံးမှုလျော့နည်းစေရန် မြေပေါ်ရေကို ထုတ်ယူဖြန့်ဖြူးသွားရန် ဆောင်ရွက်နေသည်။

လူနေမှုစနစ်တွင် ရေသုံးစွဲမှုနောက်ကွယ်မှ ရေဆိုးစွန့်ပစ်ခြင်းသည် ကပ်လျက်လိုက်ပါလာသည်ဖြစ်ရာ စွန့်ပစ်ရေဆိုးများ သန့်စင်ရန် လိုအပ်လာသည်။ ရေဆိုးဆိုသည်မှာ ရေကို လူသားတို့ အသုံးပြုရာမှ နောက်ဆက်တွဲ ဖြစ်ပေါ်လာသည့် ညစ်ညမ်းသောရေများကို ဆိုလိုခြင်း ဖြစ်သည်။ လူနေအိမ်များမှ စွန့်ထုတ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများမှ စွန့်ထုတ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ စွန့်ထုတ်ခြင်း စသည်ဖြင့် ပေါင်းစပ်သုံးစွဲထားသော စွန့်ပစ်ရေများဖြစ်၍ 'ရေဆိုးများ'ဟု သတ်မှတ်သည်။

ရေဆိုး၏ အရည်အသွေး ဝိသေသလက္ခဏာများ (Wastewater Quality) သည် အသုံးပြုသော ရေအရင်းအမြစ်ပေါ်မူတည်၍ ကွဲပြားခြားနားမှုရှိပြီး ရေဆိုးတွင် ရုပ်ပိုင်းဆိုင်ရာ၊ ဓာတုဗေဒနှင့် ဇီဝညစ်ညမ်းမှုများစွာ ပါဝင်သည်။ သင့်လျော်သော သန့်စင်မှုမပြုလုပ်ဘဲ လူမှုပတ်ဝန်းကျင်သို့ စွန့်ထုတ်သောရေဆိုးများသည် ပတ်ဝန်းကျင် ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲလျက်ရှိသော စွန့်ပစ်ရေဆိုးများမှာ အိမ်သုံးစွန့်ပစ်ရေဆိုး(Domestic Wastewater)၊ မိလ္လာကန်မှထွက်သောရေဆိုး (Sewage)၊ အိမ်သာအမှိုက်ရေဆိုး(Black Water)၊ ရေချိုးခန်း၊ မီးဖိုချောင်မှ ထွက်သောရေဆိုး (Grey Water)၊ မိုးရေ(Stormwater)၊ စက်မှုဇုန်စွန့်ပစ်ရေဆိုး (Industry Wastewater) တို့ဖြစ်သည်။ ရေဆိုးသန့်စင်စနစ်တွင် နည်းပညာအမျိုးမျိုးရှိရာ အဓိကအသုံးပြုသော နည်းလမ်း သုံးမျိုးရှိပြီး အစိုင်အခဲသန့်စင်ခြင်း (Physical Treatment)၊ ဓာတုသန့်စင်ခြင်း (Chemical Treatment)၊ ဇီဝသန့်စင်ခြင်း (Biological Treatment)တို့ဖြစ်သည်။ ရေဆိုးသန့်စင်စက်ရုံများသည် ရေဆိုးတွင် ညစ်ညမ်းမှုပေါ်မူတည်၍ အနည်းဆုံး သန့်စင်နည်း နှစ်ခုဖြင့် ပေါင်းစပ်သန့်စင်ရသည်။

ပတ်ဝန်းကျင်ရှိ ရေထုအရည်အသွေးများ ညစ်ညမ်းလာရခြင်း အကြောင်းအရင်းများမှာ နေအိမ်၊ စက်ရုံ၊ အလုပ်ရုံများမှ ရေဆိုးရေညစ်များကို ပြုပြင်ခြင်းမရှိဘဲ မြစ်ချောင်းများအတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်း၊ စက်ရုံများမှ ဓာတုပစ္စည်းများ စွန့်ထုတ်ခြင်း၊ မြို့ပြဖွံ့ဖြိုးလာသည်နှင့်အမျှ ညစ်ညမ်းမှုမြင့်တက်လာခြင်းနှင့် မြစ်ချောင်း၊ အင်းအိုင်များအတွင်း အမှိုက်များစွန့်ပစ်ခြင်းတို့ဖြစ်သည်။ ပြုပြင်သန့်စင်ခြင်းမရှိသည့် ရေကိုသုံးစွဲခြင်းမှ ကျန်းမာရေးထိခိုက်စေခြင်းနှင့် ခန္ဓာကိုယ်အတွက် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည်။

သို့ဖြစ်၍ မြို့တော်အတွင်း ရေဆိုးစွန့်ပစ်မှုစနစ် ကောင်းမွန်ရေး၊ ရေစီးဆင်းမှုစနစ် ကောင်းမွန်ရေး၊ ရေဆိုးကြောင့် မြို့နေလူထုတွင် ကျန်းမာရေးထိခိုက်မှု မရှိစေရေးတို့အပြင် မန္တလေးမြို့ပြစိမ်းလန်းစိုပြည်ရေးအတွက်ရည်ရွယ်၍ ရေဆိုးသန့်စင်စက်ရုံများ တည်ဆောက်ကာ ဆောင်ရွက်လျက်ရှိသည်။ သန့်ရှင်းသောမြို့တော်နှင့် မြို့နေလူထုတွင် ရေကြောင့်ဖြစ်နိုင်သော ကျန်းမာရေးထိခိုက်မှုများမှ ကင်းဝေးစေရန် မြို့နေလူထုကစွန့်ထုတ်လိုက်သည့် မိလ္လာအပါအဝင် အိမ်သုံးစွန့်ပစ်ရေဆိုးများ၊ စက်ရုံ၊ အလုပ်ရုံများမှ စွန့်ထုတ်သည့်ရေဆိုးများကို သန့်စင်နိုင်ရန် ခေတ်မီနည်းပညာ၊ ကျွမ်းကျင်ပညာရှင်နှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်ပါသည်။

ဦးစွာပထမ အမရပူရမြို့နယ်၊ တောင်သမန်အင်း ရေထုအရည်အသွေးကောင်းမွန်ရန်၊ ရေထုညစ်ညမ်းမှု လျော့ချရန် အင်းအတွင်းသို့ စီးဝင်လျက်ရှိသည့် ပရံတော်ချောင်း၊ ကိုလံဘိုမြောင်းနှင့် လက်ခုပ်ပင်ချောင်းတို့၏ ရေအရည်သွေးကို ဌာနပိုင်ဓာတ်ခွဲခန်းတွင် တိုင်းတာစောင့်ကြည့်ခြင်း၊ ချောင်းသုံးခုဆုံရာ တောင်သမန်အင်းထဲသို့မဝင်မီ ဦးရွှေတောင်တံတားအနီး၌ တစ်ရက်လျှင် ရေဆိုးပမာဏ ဂါလန်ပေါင်း ၂၄၀၀၀၀ သန့်စင်ပေးနိုင်သော စနစ်တစ်ခုကို ၂၀၂၂-၂၀၂၃ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။

ထို့အပြင် မြောက်မှတောင်သို့ စီးဆင်းနေသော ရွှေတချောင်းမြောင်းရေသည် ဧရာဝတီမြစ်၊ အောက်ဘက်ကမ်းနားလမ်းအနီး သင်္ဘောချောင်းအတွင်း စီးဆင်းဖြတ်သန်းခဲ့ရာတစ်လျှောက်တွင် ရပ်ကွက်နေအိမ်များမှ စွန့်ပစ်ပစ္စည်းများ၊ အမှိုက်များ ပါဝင်လာသည်။ ထို့ကြောင့် သင်္ဘောချောင်း သန့်ရှင်းသာယာလှပရေးနှင့် ရေထုညစ်ညမ်းမှု လျော့ချနိုင်ရေးအတွက် အောင်မြေသာစံမြို့နယ်၊ ၂၂လမ်း၊ သင်္ဘောချောင်းထိပ်တွင် ရေဆိုးသန့်စင်စက်ရုံတစ်ခုကို ၂၀၂၃-၂၀၂၄ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ တစ်ရက်လျှင် ရေဆိုးပမာဏ ဂါလန်ပေါင်း ၅၀၀၀၀၀ ကို သန့်စင်ပေးလျက်ရှိသည်။

မိလ္လာစွန့်ပစ်မှုနှင့်ပတ်သက်ပြီး ယခင်က မန္တလေး ခြောက်မြို့နယ်အတွင်းရှိ ရပ်ကွက်များမှ သိမ်းဆည်းလာသော မိလ္လာများကို မဟာအောင်မြေမြို့နယ်၊ ၄၁လမ်း(စိန်ပန်း)၊ သားသတ်ရုံအနီး၌ Oxidation Pond စနစ် ပြုလုပ်စွန့်ပစ်ခဲ့သည်။ ယင်းနောက် မြို့ပြဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် အဆိုပါပတ်ဝန်းကျင်တွင် လူနေထိုင်မှု များပြားလာသဖြင့် ရေတံခွန်တောင် ဂေါက်ကွင်းအနီး စည်ပင်သာယာရေးကော်မတီပိုင် စိုက်ပျိုးရေးခြံနေရာသို့ ပြောင်းရွှေ့ခဲ့သည်။ တစ်ဖန် ဂေါက်ကွင်းအနီး အိမ်ရာစီမံကိန်းများ ဖော်ဆောင်မှုကြောင့် မိလ္လာစွန့်ပစ်ကန်၏ Oxidation Pond များကို ပိတ်သိမ်းခဲ့ရသည်။

ထို့နောက် မန္တလေး၊ နည်းပညာတက္ကသိုလ်၊ မြောက်ဘက်ရှိ ကော်မတီပိုင် ဘက်စုံစိုက်ပျိုးရေးခြံနေရာသို့ ထပ်မံပြောင်းရွှေ့ကာ Oxidation Pond စနစ်ဖြင့် စွန့်ပစ်စေပါသည်။ မိလ္လာစွန့်ပစ်ချိန်တွင် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၏ ကန့်ကွက်မှုကြောင့် ပုသိမ်ကြီးမြို့နယ်၊ ကြာနီကန်ကျေးရွာအနီး၊ အေးရိပ်ငြိမ်သုသာန်တွင် အရွယ်အစား ပေ ၅၀ ပတ်လည်၊ ပေ ၁၀၀ ပတ်လည်နှင့် ပေ ၂၀၀ × ပေ ၁၀၀ ရှိ မိလ္လာကန် သုံးကန်ကို Oxidation Pond စနစ်ဖြင့် တည်ဆောက်၍ ယာယီစွန့်ပစ်ကြောင်း သိရသည်။ နှစ်ကာလကြာမြင့်လာ၍ Oxidation Pond များ မှန်ကန်မှုမရှိတော့ခြင်း၊ မိုးသည်းထန်စွာရွာသည့်အခါ ဆိုးရွားသော အနံ့များထွက်ပြီး ခြင်များပေါက်ဖွားလာနိုင်သည့်အပြင် ပြင်ဆင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်နေရသည်ဟု ဆိုပါသည်။ အေးရိပ်ငြိမ်သုသာန် အဆင့်မြှင့်မည့်အစီအစဉ်ကြောင့် မိလ္လာစွန့်ပစ်ရမည့် မြေနေရာအသစ် လိုအပ်ချက်ရှိလာသဖြင့် ပုသိမ်ကြီးမြို့နယ်၊ ဂန္ဓမာကျေးရွာတွင် ရေနှင့်သန့်ရှင်းမှုဌာနမှ ဝယ်ယူထားသည့် မြေနေရာ၌ တစ်ရက်လျှင် မိလ္လာရေဆိုးပမာဏ ဂါလန် ၅၀၀၀၀ ကို သန့်စင်ပေးနိုင်မည့် မိလ္လာရေဆိုး သန့်စင်စနစ်တစ်ခုကို တည်ဆောက်ထားသည်။

လက်ရှိတွင် မန္တလေးမြို့၏ မိလ္လာစုဆောင်းသည့်စနစ်၊ ရေဆိုးသန့်စင်သည့်စနစ်များတွင် Centralized စနစ်ဖြင့် သန့်စင်ပေးနိုင်သည့် စက်ရုံမရှိသေးသောကြောင့် ရေနှင့်သန့်ရှင်းမှုဌာနမှ ဘဏ္ဍာနှစ်အလိုက် အနည်းဆုံး မိလ္လာဂါလန် ၅၀၀၀၀ သန့်စင်နိုင်သည့် မိလ္လာသန့်စင်စက်ရုံများနှင့် ရေဆိုးသန့်စင်စက်ရုံများကို Decentralized စနစ်ဖြင့် မြို့နယ်အလိုက် ဆောင်ရွက်သွားမည်ဟု ဆိုသည်။

ဆိုခဲ့သည့်အတိုင်း ပတ်ဝန်းကျင်နှင့် မြို့ပြစနစ်တွင် ရေထုညစ်ညမ်းလာသည့် အကြောင်းအရင်းများဖြစ်သော လူနေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံများမှ ရေဆိုးရေညစ်များကို ပြုပြင်မှုမရှိဘဲ စည်းကမ်းမဲ့ စွန့်ထုတ်ခြင်း၊ မြစ်ချောင်း အင်းအိုင်များထဲသို့ စွန့်ပစ်ခြင်းတို့ မပြုလုပ်သင့်ပေ။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကလည်း မြို့တော်သန့်ရှင်းသာယာလှပရေး၊ မြို့နေလူထု စိတ်ချမ်းသာစေရေးအတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်လျက်ရှိပါသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် စွန့်ပစ်ရေဆိုးနှင့် မိလ္လာရေဆိုးများကို သန့်စင်သည့် စက်ရုံများတည်ဆောက်ကာ စီမံခန့်ခွဲပြီး ဆောင်ရွက်လျက်ရှိသကဲ့သို့ ထိုရေဆိုးများသည် လူမှုပတ်ဝန်းကျင်မှ ထွက်ရှိလာသဖြင့် စည်းကမ်းရှိစွာ စနစ်တကျစွန့်ပစ်ရေးမှာ မြို့နေလူထုက ပူးပေါင်းပါဝင်ရန်လည်း လိုအပ်သည်ဟု ဆိုချင်ပါတော့သည်။

## စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**ဟိုပုံး အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ တွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အဆင့်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အိအိသန်းက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်ရေးပွဲတော် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်ရေးပွဲတော် ရည်ရွယ်ချက်မှာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်မှ စာဖတ်သည့် အလေ့အထ ဖြစ်ပေါ်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ပွဲတော်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအား ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ကျောင်းသား၊ ကျောင်းသူများမှ ပျော်ပွဲရွှင်ပွဲများ၊ ဓါတ်ပုံနှင့် စာအုပ်ပြပွဲများ ကျင်းပသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာသည့် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ အဆိုပါ ပွဲတော်ကို အောက်တိုဘာ ၂၉ ရက်မှ အောက်တိုဘာ ၃၀အထိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စည်းကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်းသိရသည်။ (ဝဲပုံ)

(၃၆၈)

## အစာအိမ်ရောဂါဖြစ်ပေါ်ခဲ့သည့် စာရင်းကောက်တစ်ဦးအား အမရပူရခရိုင်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်

**အမရပူရ အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် အောက်တိုဘာ ၁ ရက်က စတင်ပြီး လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အဖွဲ့ ၁၉ ဖွဲ့ခွဲပြီး ကောက်ကွက် ၄၃၈ ကွက်ကို ကောက်ယူလျက်ရှိရာ အောက်တိုဘာ ၂ရက်တွင် နတ်ရေကန်ကျေးရွာအုပ်စု၌ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေစဉ် အမက(မိုင်လေးဆယ်)ကျောင်းတွင် တာဝန်ထမ်းဆောင်နေသည့် ဦးနီရင့်လွင်ဌေး၊ လ/ထ (မူပြ)သည် အစာအိမ်ရောဂါ ဖြစ်ပွားလာပါသဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ဆေးကုသမှုခံယူခဲ့ရသည်။

အဆိုပါ ဆေးရုံတက်ကုသလျက်ရှိသော စာရင်းကောက်အတွက် အောက်တိုဘာ ၉ ရက်တွင် အမရပူရခရိုင်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီမှ စာရင်းကောက်၏ ကျန်းမာရေးအခြေအနေအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ထောက်ပံ့ငွေ ကျပ် ၆၆၀၀၀၀အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။ (၀၈၄)

## စာဖတ်ရှိန်မြှင့်တင်ရေး စာချစ်သူများ စာဖတ်ဝိုင်း ကျင်းပ

**မိုင်းကိုင် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းတစ်ရပ်အဖြစ် စာရေးသူဒေါက်တာခင်မောင်ညိုရေးသားသော "လူငယ်နှင့် အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း" စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်ခန်းမတွင် ကျင်းပရာ ပြည်သူ့စာကြည့်တိုက်၏ Book Club , Youth Clob, Women Club အဖွဲ့ဝင်များနှင့် စာချစ်သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်နန်းလှိုင်လှိုင်ဦးက စာဖတ်ဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း၍ စာအုပ်ပါ "လူမျိုးမြင့်ဖို့ စာဖတ်စို့၊ ရှားလော့ဟုမ်းလည်း မှားတာပဲ" ခေါင်းစဉ်များဖြင့် စတင်ဆွေးနွေးပြီး စာချစ်သူများဖြစ်ကြသော နယ်မြေခံတပ်မှ ဗိုလ်ကြီးလှဟန်ထွဋ်၊ မြို့နယ်ဥပဒေအရာရှိ ဦးငြိမ်းချမ်းထက်၊ မြို့နယ်ရင်ခွင်မဲ့ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ဒေါ်နန်းသိန်းရွှေ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်တင်တင်မိုးတို့က "တာဝန်နဲ့ လိပ်ပြာသန့်မှု၊ အသုံးကျခြင်းနှင့် နှလုံးလှခြင်း၊ လူငယ်နှင့်စူးစမ်းလေ့လာမှုများ၊ အလှအပဆိုတာ၊ လူသားတွေရဲ့စွမ်းဆောင်မှု" စသည့် ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးရာ တက်ရောက်လာသူများက စာအုပ်ပါ အကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးကာ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကို ကျင်းပခဲ့ကြောင်း သိရသည်။





ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နယ်မြေခံတပ်တို့က ပူးပေါင်းစီစဉ်တင်ဆက်သော "နန်းဦးပျဉ်" နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်ပြပွဲ၊ ပြခန်းကို ဖွင့်လှစ်ပြသရာ တက်ရောက်လာသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနလေး

## သဘာဝဘေး လျော့ချဖို့ မျိုးဆက်စွမ်းအား မြှင့်ကြစို့

- သဘာဝဘေး ရှောင်မပြေးသား
ဆ,တွေးကမ္ဘာ ကြောင့်ကြပါ၏
တို့မှာကမ္ဘာ ချစ်သောကြောင့်
- ချစ်သောကမ္ဘာ သက်ရှည်ပါမှ
ချစ်တဲ့ကမ္ဘာ ကျန်းမာပါမှ
သူသာကျန်းမာ သက်ရှည်ပါလျှင်
မကွာတည်နေ သက်ရှိတွေလည်း
မသွေတည်တံ့ ဇီဇခန့်မည်
မလန့်ဂေဟ ညီညွတ်ကြမည်
ထွန်းပလင်းလင်း မျှော်လင့်ခြင်း သို့ ။
- ရှောင်ပြေးမရ ထိုဘေးကလေ
ကြုံဆတင်းတင်း ခုပင်ရှင်းသော်
ပြုနော်အဖျက် ရှောင်ရခက်ကို
ကူကြလက်များ ကြင်နာပွား၍
စွမ်းအားလူမှု ထောက်ကူပြုသာ
မျှော်လင့်ရှာ ။
- တို့များကမ္ဘာ သက်ရှည်ကြာဖို့
ကမ္ဘာဇီဇ သဘာဝကို
ကျနစေ့ငှ ယုယပြုလော့
နလုသစ်ပင် တိုးချစ်ခင်လော့
အသွင်ဆန်းပြား မီးခိုးများလည်း
အပါးမဝေ ရပ်ကြပေလော့ ။
- သည်ဝန်ကိုထမ်း လက်ဆင့်ကမ်းဖို့
ရည်မှန်းဝန်တာ ခုပြင်ပါမည်
အသွင်ဝန်ထမ်း မျိုးဆက်ကမ်းဖို့
ခုပင် ငါတို့ ဆောင်သယ်ပို့မည်
ရှေ့သို့ချီကြွား ကမ္ဘာသူသားတို့
ရေမြေခြားလည်း တသားစိတ်ဝမ်း
ဝိုင်းကူထမ်း၍ မပန်းသွက်လက်
ကြံ့ခိုင်ဖက်ကာ ခမျိုးဆက်က
နောင်မျိုးဆက်ကို ထွေးဖက်ထူမည်
ညီတူစိတ်ထား မေတ္တာအားဖြင့်
ဘေးဒုက္ခများ ဝေးပါစေ ။ ။

အောက်တိုဘာလ(၁၃)ရက်တွင် ကျရောက်မည့် "အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေးနေ့" အတွက် ဂုဏ်ပြုပါသည်။

ရေချမ်း(မန်း)

# သတင်းပဒေသာ

## စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့ရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ် (၃/၂၀၂၄-၂၀၂၅)သင်တန်းဆင်းပွဲကို ယမန်နေ့ညနေ ၃ နာရီက ဟုမ္မလင်းမြို့နယ်၊ ကက်သာစံပြကျေးရွာ ဇီဝမာရ်ပြေဘုန်းတော်ကြီးကျောင်း၊ သမဏသုခကာရီဆွမ်းစားကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လူငယ်များ ပလင်္ဂါးတန်ဖွံ့ဖြိုးရေးအတွက် လူငယ်စကားဝိုင်း ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် လူငယ်များဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားလာစေရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေးအတွက် "လူငယ်စကားဝိုင်း"ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သန်းခေါင်စာရင်း ဆက်လက်ကောက်ယူလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအသီးသီး၌ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လူငယ်ရေးရာအသိပညာပေး ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ ဓာတ်ပုံပြပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်ပြသခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (ရပ်စောက်) ကျောက်စိမ်းခန်းမ၌ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပန်းချီ ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနတွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက အလယ်တန်းအဆင့် စိတ်ကြိုက်ပန်းချီပြိုင်ပွဲနှင့် မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ကန်တော်ကြီး-ကန်ပတ်လမ်း)သို့ ဆေးပဒေသာပင်နှင့် အလှူငွေ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေးမြို့၊ H-၅၈၊ ၆၉လမ်း၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ ၁၀၆ A လမ်း ထောင့်နေ ဒေါ်ခင်သိန်းမြင့် (၇၂)နှစ်ပြည့် မွေးနေ့အတွက် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းနှင့် ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင် တစ်ပါးအတွက် ငွေကျပ် ၃၅၀၀၀ စုစုပေါင်း ငွေကျပ် ၂၃၅၀၀၀ ကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာဦးခင်မောင်၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ အဖွဲ့ဝင် ဦးကိုကြီးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်းနံပါတ် ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။



(အပေါ်ပုံ) (ကဆ)

## သမိုင်းဝင်ဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရီကြွချီတော်မူပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ရှင်း စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှင်းမြို့နယ် သမိုင်းဝင်ဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရီကြွချီတော်မူပွဲနှင့် (၃၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲတွင် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက မြို့ဦးမင်္ဂလာကျောင်းကြီးမှစ၍ လမ်းတစ်လျှောက် အောင်ပင်သာစည်ကျောင်းတော်သို့ ပင့်ဆောင်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြသည်။ (ဝဲပုံ)



လောင်းလှူပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက ဦးဆောင်ကာ မြို့ပေါ်ရှိ ဌာနဆိုင်ရာမိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဈေးတန်း(ကွက်သစ်၊ တောင်ပိုင်း)၊ မြို့ကုန်း၊ ရွာမရပ်ကွက်အသီးသီးရှိ စေတနာရှင်များက ဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရီကြွချီရာတွင် ဖူးမြော်ကြည်ညိုခဲ့ကြပြီး ပင့်သံဃာတော် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြသည်။ ထို့နောက် (၃၆)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကို ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်မှ ၁၂ ရက်အထိ ၅ ရက်တိုင်တိုင် အောင်ပင်သာစည်ဘုန်းကြီးကျောင်းတွင် ဆက်လက်ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။ (၃၃၈)

## ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ရွေ့လျားဆေးခန်းအတွက် ငွေများလှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန်နှင့် ရွေ့လျားဆေးခန်းဖွင့်လှစ်ရန် အလှူငွေများပေးအပ်ပွဲကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် လမ်း၇၀၊၂၇လမ်းနှင့်၂၈လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးတွင် ကျင်းပသည်။



အဆိုပါ လှူဒါန်းပွဲတွင် ကိုယ်ပိုင်ကျောင်းများအသင်း (မန္တလေး) အဖွဲ့ဝင်KGIကျောင်း အုပ်ကြီးဒါ်စုရွှေရည်က အလှူငွေကျပ်သိန်း ၃၀ လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်က လက်ခံရယူပြီး တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူးဦးကျော်ကျော်က ကျေးဇူးတင်စကားနှင့် ရေဘေးသင့်ပြည်သူများအား ရွေ့လျားဆေးခန်းဖွင့်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှုကို ရှင်းလင်းပြောကြားခဲ့သည်။ (အပေါ်ဝဲပုံ)

ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းလိုပါက မန္တလေးတိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီ ဖုန်း၀၉-၂၀၅၁၃၅၄၊ ၀၉-၉၇၇၁၁၅၆၃၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၄၅)

## ရေဘေးသင့်ပြည်သူများအတွက် မြန်မာ့ဩဘာလုပ်ငန်းစုကုမ္ပဏီမှ လှူဒါန်း

**မန္တလေးအောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ အင်းလေး၊ကလောဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် မြန်မာ့ဩဘာလုပ်ငန်းစုကုမ္ပဏီမှ အောက်တိုဘာ ၈-၉ ရက်နေ့များတွင် ဆန်နှင့်ဆီများ ပေးအပ်လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် အောက်တိုဘာ ၈ ရက်တွင် ပဲခူးတိုင်းအရှေ့ခြမ်း တောင်ငူ၊ အုတ်တွင်း၊ ဖြူး၊ ရေတာရှည်မြို့နယ်များမှ ကျေးရွာ ၄၈ ရွာ၊ အိမ်ထောင်စု ၅၇၂၁ အတွက် ငွေကျပ် သိန်းသုံးထောင်တန်ဖိုးရှိ ဆန်နှင့်ဆီများကိုလည်းကောင်း၊ အောက်တိုဘာ ၉ ရက်က ပျဉ်းမနား၊ပျော်ဘွယ်၊ တပ်ကုန်းမြို့များမှ ကျေးရွာ ၃၇ ရွာမှ အိမ်ထောင်စု ၈၆၂၀ အတွက် ငွေကျပ် သိန်းလေးထောင် တန်ဖိုးရှိ ဆန်နှင့်ဆီများကို လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေးဒေသမှ ကျေးရွာ ၂၂ရွာ အိမ်ထောင်စု ၄၁၇၇ အတွက် ငွေကျပ် သိန်း ၁၃၅၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာခဲ၊ ဖယောင်းတိုင်၊ ရေသန့်၊ မီးသွေးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)




မျက်စိလျှကြ
မျက်ကြည်ရ
မြတ်သည့်
လှူဒါန ။

# သက်ငယ်ခြောက်ပျစ်

သန်းစိုးအောင်

အချိန်က မြန်မာနိုင်ငံလွတ်လပ်ရေးရစကာလ အထက်အညာဒေသ မြို့ငယ်ကလေးတစ်မြို့၏ ဆင်ခြေဖုံးရပ်ကွက်တွင် အိန္ဒိယလူမျိုး ချန္ဒရာ မိသားစု နေထိုင်သည်။ မိသားစုဆိုသော်လည်း သူ့ဇနီး ပရီယန်ကာ၊ ငါးနှစ်အရွယ်သားယောက်ျား လေးတစ်ယောက်၊ တစ်နှစ်အရွယ် နို့စို့သမီးငယ် တစ်ယောက် စုစုပေါင်း လေးဦးမျှသာ။

ထူးခြားသည်က ထိုမြို့ကလေး၏ သူနေသောရပ်ကွက်တွင် လူမျိုးခြားအိမ်ဆို၍ သူ့တစ်အိမ်တည်းသာရှိသည်။ ကျန်သည့်အိမ်များက မြန်မာတိုင်းရင်းသား မိသားစုများသာ။ မူလက ထိုရပ်ကွက်ကလေးတွင် အိန္ဒိယနွယ်လူမျိုးမိသားစု ငါးအိမ်မျှရှိသော်လည်း အချိန်ကြာလာသည်နှင့် အမျှ ကျန်မိသားစုများက သူတို့နှင့် အနွယ်တူရာ ထိုမြို့ကလေး၏ အခြားရပ်ကွက်သို့ ပြောင်းရွှေ့သွားကြသည်။

ချန္ဒရာမိသားစုက ထိုရပ်ကွက်ကလေးကို ပစ်မသွားနိုင်ဟု ဆိုသည်။ အကြောင်းမှာ ချန္ဒရာ မိသားစုသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း မြန်မာနိုင်ငံအောက် အကြေဒေသမှ အထက်မြန်မာနိုင်ငံသို့ စစ်ပြေးလာစဉ် လမ်းခရီး၌ တောကြောင်နှင့်တူသော ဓားပြများနှင့်တွေ့၊ ပါလာသော ရွှေတိုငွေစပစ္စည်းများ အလုခံရသည့်အပြင် ချန္ဒရာ၏ မိဘနှစ်ပါးသည် ဓားပြများ၏လက်ချက်ဖြင့် သေဆုံးခဲ့ရလေသည်။ ချန္ဒရာနှင့်ဇနီးသည် မိဘများကို မကာကွယ်၊ မစောင့်ရှောက်နိုင်ခဲ့သော်လည်း လူမမယ်သားနှင့် သားသမီးကို ကာကွယ်စောင့်ရှောက်လျက် လက်ရှိနေထိုင်ရာမြို့ကလေးသို့ အသက်လုပြေးခဲ့ရလေသည်။

ထိုအချိန်က စားဝတ်နေရေး အခက်တွေ့နေသော ချန္ဒရာမိသားစုကို ရပ်ကွက်လူထုက စားစရာ၊ နေစရာပေး၍ ကြည့်ရှုစောင့်ရှောက်ခဲ့သည်။ ထိုကျေးဇူးတရားကို အောက်မေ့သောကြောင့် ချန္ဒရာမိသားစုက ရပ်ကွက်ကလေးကို မည်သည့်အခါ စွန့်ခွာမသွားဟု ဆိုသည်။ ထို့ပြင် ရပ်ကွက်၏ သာရေး၊ နာရေးကိစ္စများတွင် ချန္ဒရာက ထိပ်ဆုံးက ထည့်ဝင်လှူဒါန်းလေသည်။

ရပ်ကွက်သို့ရောက်စက ချန္ဒရာသည် ကြုံရာကျပန်းအလုပ်ကို လုပ်ကိုင်သည်။ ရပ်ကွက်အနီး အိန္ဒိယလူမျိုး သူဌေးကြီးတစ်ဦးပိုင် သစ်စက်ကြီးတွင် သစ်ထမ်းသမားအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ စက်ပိတ်ရက်များတွင် ရပ်ကွက်အတွင်း လှည့်လည်၍ ရေထမ်းရောင်းသည်။ ပရဟိတစိတ်လည်းရှိ နိုင်းရာတွင်လည်း ဖင်ပေါ့သဖြင့် ရပ်ကွက်လူများက သူ့အမည် ချန္ဒရာကိုပင် မခေါ်တော့ဘဲ ကိုချန်ဟု ခေါ်လာရသည်အထိ သူ့ကို ချစ်ခင်လာကြသည်။ သူ့ဇနီး ရပ်ကွက်အခေါ် ပရီမ(ပရီယန်ကာ)ကလည်း ရပ်ကွက်အတွင်း အိမ်ဆိုင်ကလေးဖွင့်ကာ ဈေးရောင်းသည်။

နှစ်အနည်းငယ်ခန့်ကြာသောအခါ ကိုချန်သည် ကြုံရာကျပန်းမလုပ်တော့ဘဲ သူနေသောမြို့ကလေးမှ အနွယ်တူ သားသတ်လိုင်စင်ရ သူဌေးတစ်ဦး၏ ကျွဲ၊ နွား၊ ဆိတ် တိရစ္ဆာန်အဝယ်တော်အဖြစ် ပြောင်းလဲလုပ်ကိုင်လေသည်။ ထိုအလုပ်က ကိုချန်အတွက် စီးပွားရေး ပိုမိုတွက်ခြေကိုက်သည် မဟုတ်ပါလား။

တစ်ခုသောသင်္ကြန်ကာလ ရပ်ကွက်အတွင်းရှိ လူငယ်ကလေးများသည် မဏ္ဍပ်ဆောက်ရန် သက်ငယ်၊ ဝါး စသည်တို့ကို အလှူခံလေသည်။ ထိုအခါ ကိုချန်၏အိမ်ရှေ့တွင် ရောင်းချရန် အခြားတစ်မြို့တစ်ရွာမှ ဝယ်ယူထားသော သက်ငယ်ပုံကို တွေ့မြင်ရသဖြင့် လူငယ်တစ်ဦးက 'ဦးချန်ရေ ကျွန်တော်တို့ လမ်းထိပ်မှာ မဏ္ဍပ်ဆောက်ဖို့ သက်ငယ်နည်းနည်း လှူပေးပါ'ဟု ဆိုလေသည်။

ထိုအခါ ကိုချန်က 'မင်းတို့ကွာ အလုပ်ရှုပ်ရန်ကော'ဆိုလျက် အလှူခံလာသောလူငယ်များကို သက်ငယ်ခြောက်ပျစ် လှူလိုက်လေသည်။ တကယ်ဆိုမူ ကိုချန်သည် ဗုဒ္ဓဘာသာဝင်မဟုတ်ပါ။ အလှူဒါန၏ အကျိုးကျေးဇူးကိုသိ၍ လှူဒါန်းခြင်းလည်း မဟုတ်ဘဲ လူမှုရေးအဆင်ပြေအောင် အမှတ်မထင်ပေးလှူလိုက်သည့်သဘောသာ ဖြစ်သည်။

တစ်နေ့သောအခါ ကိုချန်သည် လုပ်ငန်းရှင်သူဌေးအတွက် ကျွဲ၊ နွားနှင့် ဆိတ်များကို နယ်မြို့ကလေး၏ ကျေးလက်တောရွာများသို့ဆင်းကာ ဝယ်ယူလေသည်။ ထိုကာလ၌ မြန်မာပြည်တွင် ပလိပ်ရောဂါကဲ့သို့ ကူးစက်ရောဂါဖြစ်ပွားနေချိန်ဖြစ်သည်။ ဖောက်ပြန်ပြင်းထန်သော ရာသီဥတုအခြေအနေတွင် ကိုချန်သည် အပြင်းဖျားကာ ထိုမြို့ကလေး၏ဆေးရုံသို့ တက်ရောက်ကုသရလေသည်။ ရက်အတန်ကြာ ကုသသော်လည်း ကိုချန်၏ ရောဂါဝေဒနာမှာ မသက်သာသဖြင့် မြို့နယ်ဆရာဝန်က ခရိုင်ဆေးရုံကြီးသို့ တက်ရောက်ကုသရန် အကြံပြုသည်။

ထိုအခါ ကိုချန်၏ဇနီးနှင့် မိတ်ဆွေများက ကိုချန်အား ခရိုင်ဆေးရုံကြီးမပို့မီ အိမ်၌ ခေတ္တအနားယူရန် စီစဉ်လေသည်။ ကိုချန်သည် ဝေဒနာမသက်သာသဖြင့် အိပ်ရာခုတင်ပေါ်တွင် ဘယ်လူးညာလှိမ့်လုပ်နေသည်။ 'ငါ ဒီရောဂါဝေဒနာမှ လွတ်မြောက်နိုင်မယ် မထင်'ဇနီးဖြစ်သူအား ဆိုသဖြင့် ဇနီးဖြစ်သူ ပရီမမှာ မျက်ရည်နှင့်မျက်ခွက် ဖြစ်ရရှာသည်။

ထိုအချိန်တွင် ရပ်ကွက်အရှေ့ပိုင်းမှ မြန်မာဆေးဆရာ ဘကြီးအောင်သည် ဆေးအိတ်တစ်လုံးဆွဲကာ ရောက်လာပြီး ကိုချန်၏ နားထင်၊ လက်ကောက်ဝတ်၊ ခြေဖျား စသည့်နေရာတို့ကို စမ်းသပ်ပြီး 'ပရီမရယ် နင်ခွင့်ပြုရင် ကိုချန်ကို ဆေးတစ်ခွက်လောက် တိုက်ချင်တယ်'ဟု ဆိုလေသည်။

ပရီမမှာ မြန်မာတိုင်းရင်းဆေးအကြောင်းကိုလည်း မသိ၊ ဘကြီးအောင်ကိုလည်း တားမြစ်ရန် အားနာသဖြင့် နှုတ်ဆိတ်နေလေရာ ခုတင်ပေါ်မှ ကိုချန်က 'ဘကြီးအောင်တိုက်မည့်ဆေးကို သောက်လိုကြောင်း'အမူအရာပြသဖြင့် ဘကြီးအောင်သည် မြန်မာနန်းတွင်းမှစ၍ သမားအစဉ်အဆက်သုံးခဲ့သော ငန်းနီကျော်ဆေးနှင့် ရွှေသတ္တုတစ်မျိုး ရောစပ်ပါဝင်သည့် ရွှေဆေးကို တိုက်လေတော့သည်။

ဘယ်လူးညာလှိမ့်လုပ်နေသော ကိုချန်မှာ ဆယ်မိနစ်ခန့်အကြာ၌ ငြိမ်သက်သွားသည်။ သို့သော် သူ့ပါးစပ်မှ တအင်းအင်းလုပ်နေသည်။ ဘကြီးအောင်က 'ဒါ ဆေးနဲ့ရောဂါ ကိုက်နေပြီ။ ခေတ္တစောင့်ကြည့်ရမယ်'ဟုဆိုကာ အိမ်ရှေ့ကွပ်ပျစ်သို့သွားကာ ရေနွေးကြမ်းတစ်ခွက်ကိုငှဲ့ပြီး သောက်လေသည်။

ကွမ်းတစ်ယာညက်ခန့်အကြာ ကိုချန်မှာ တခေါ်ခေါ်နှင့် အိပ်နေရာမှ 'ကြောက်ပါတယ်ဗျ'ဟု သုံးကြိမ်သုံးခါ အော်လေသည်။

ထိုအခါ ပရီမသည် ကိုချန်၏လက်ကို ဖွဖွဆုပ်ကိုင်ပြီး 'ကိုချန်မကြောက်နဲ့ ကျွန်မရှိတယ်'ဟုဆိုလေသည်။ သို့နှင့် တစ်ဖန်ပြန်လည်ငြိမ်သက်သွားသော ကိုချန်သည် တစ်နာရီခန့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရာမှ ရုတ်တရက် ခုတင်ပေါ်တွင် လူကောင်းပကတိပမာ ထထိုင်လေသည်။ ကိုချန်၏ခန္ဓာကိုယ်မှ ချွေးသီးချွေးပေါက်များ ကျနေသဖြင့် ဇနီးသည်ပရီမက သုတ်ပေးနေလေသည်။ သည့်နောက်

'ဘကြီးအောင် ပြန်သွားပြီလား'ဟု ကိုချန်က မေးရာ ပရီမက မပြန်သေးကြောင်း ကိုချန်အခြေအနေကိုသိဖို့ အိမ်ရှေ့ကွပ်ပျစ်တွင် ထိုင်၍စောင့်နေကြောင်း ဆိုလေသည်။

ထိုအချိန်တွင် ဘကြီးအောင်သည် ကိုချန်ခုတင်ဘေးသို့ ရောက်လာပြီး ကုလားထိုင်တစ်လုံးတွင် ထိုင်ကာ 'ဘယ့်နှယ် သက်သာပါစ ကိုချန်'ဟု မေးလေသည်။ ကိုချန်က 'ဟုတ်ကဲ့ ဘကြီးအောင် ကျွန်တော်အိပ်ပျော်သွားရင်း အိပ်မက်မက်သလို ခံစားရတယ်''ပြောပါဦးကွဲ့'ကိုချန်က ပြောဖို့ အားယူရင်း အိပ်မက်ထဲမှာ အင်မတန်သန်မာတဲ့ ဘီလူးကြီးလို သတ္တဝါနှစ်ယောက်က ကျွန်တော်ရဲ့ ဘယ်ညာလက်နှစ်ဖက်ကို ချုပ်ကိုင်ပြီး ကြောက်စရာကောင်းတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးထံ ဆွဲခေါ်သွားတယ်။ သူက ပလ္လင်လိုခုံပေါ်မှာ ထိုင်လျက်

'မောင်မင်းရဲ့ပယောဂကြောင့် တိရစ္ဆာန်တွေရဲ့ အသက်ပေါင်းများစွာ သေကြေပျက်စီးရတယ်။ အပြစ်ရှိလို့ ဒီနေရာရောက်လာတဲ့မင်းကို အပြစ်ပေးရမယ်တဲ့'

သည့်နောက် လုံ့ရှည်ကိုင်ထားတဲ့ ဘီလူးကြီးလိုနှစ်ယောက်က ကျွန်တော်ရဲ့တစ်ဖက်တစ်ချက်ချိုင်းကဆွဲမပြီး ပွက်ပွက်ဆူနေတဲ့ ဒယ်အိုးလိုအိုးကြီးတစ်လုံးထဲ ပစ်ထည့်လိုက်တယ်။ ကျွန်တော်က

'မလုပ်ပါနဲ့ ကြောက်ပါတယ်လို့ ငယ်သံပါအောင် အော်တာပေါ့'

'ဒီတော့ မင်းအိုးထဲ ကျသွားရောလား'

'ထူးဆန်းလိုက်တာ ဘကြီးအောင် ကျွန်တော့်ကို အိုးထဲပစ်ချပေးမယ်။ အိုးထဲမကျမီ ကျွန်တော်နဲ့ ဒယ်အိုးကြား၊ သက်ငယ်ပျစ်တွေ ရောက်လာပြီး ကျွန်တော့်ကို ဒယ်အိုးထဲမကျအောင် ခံပေးနေသလို ဖြစ်နေတယ်။ သူတို့က အဲဒီလို သုံးကြိမ်သုံးခါ ပစ်တယ်။ ကျွန်တော်ကလည်း သုံးကြိမ်သုံးခါ အော်တယ်'

ဘကြီးအောင်က ခေါင်းတဆတ်ဆတ်ငြိမ့်လျက် နားထောင်နေရာမှ 'ဆက်ပြောပါဦး'လို့ ဆိုလေသည်။

နောက်တော့ ပလ္လင်ကြီးလိုနေရာမှာ ထိုင်နေတဲ့ပုဂ္ဂိုလ်ကြီးက 'မောင်မင်းနဲ့ဒီနေရာ မထိုက်တန်၊ မောင်မင်းကုသိုလ်ကြီးတယ်။ မင်းအိမ်မင်းပြန်တော့'ဟုဆိုကာ ကျွန်တော့်ကို ပြန်လွှတ်လိုက်တယ်။ အဲ့ဒီနောက် ကျွန်တော်လည်း နိုးလာတာ ဘကြီးအောင်'

သည်အခါ ဘကြီးအောင်က 'ကိုချန်က ကောင်းမှုကုသိုလ်အဖြစ် သက်ငယ်ပျစ်တွေ လှူဖူးလား'တဲ့။

ကိုချန်က 'မလှူဖူးပါ'ဆိုတော့ ဘကြီးအောင်က 'သေချာစဉ်းစားပါဦး'တဲ့။

သည်တော့မှ ကိုချန်သည် လွန်ခဲ့တဲ့သုံးနှစ်ခန့်က လူငယ်တွေ သင်္ကြန်မဏ္ဍပ်ဆောက်ဖို့ သက်ငယ်ခြောက်ပျစ် ပေးလှူတာကို အမှတ်ရလာသည်။ သည်အကြောင်း ဘကြီးအောင်ကို ပြောတော့

'အိမ်း ငါဆေးစွမ်း ကောင်းတာထက် မင်းရဲ့ သက်ငယ်ခြောက်ပျစ်လှူခဲ့တဲ့ ဒါနကောင်းမှုကလေး ကယ်ပေလို့ပေါ့ကွာ'ဟု ဆိုကာ ဘကြီးအောင်သည် ကိုချန်သောက်ဖို့ ဆေးနှစ်ခွက်စာထားလျက် နှုတ်ဆက်ကာ သူ့အိမ်သို့ ပြန်ခဲ့လေသည်။

ပြန်လည်ကျန်းမာလာသော ကိုချန်သည် ကံကံ၏အကျိုးကိုယုံကြည်ကာ သားသတ်အဝယ်တော် အလုပ်ကို စွန့်လွှတ်လိုက်သည်။ 'တစ်ခွန်းဆိုင်'ဟု အမည်ပေးလျက် ဇနီးသည်၏ ဈေးဆိုင်ကလေးကို တိုးချဲ့ခဲ့သည်။ ထူးခြားသည်က ဈေးရောင်းနားချိန် ဆိုင်အတွင်း ပက်လက်ကုလားထိုင်တစ်လုံး၌ ထိုင်လျက် ဗုဒ္ဓစာပေကျမ်းဂန်များကို ဖတ်ရှုလေ့လာနေသောကိုချန်ကို ဈေးဝယ်လာသူများက တွေ့မြင်ရခြင်းပင် ဖြစ်ပေတော့သတည်း။

ထိုအချိန်က စားဝတ်နေရေး အခက်တွေ့နေသော ချန္ဒရာမိသားစုကို ရပ်ကွက်လူထုက စားစရာ၊ နေစရာပေး၍ ကြည့်ရှုစောင့်ရှောက်ခဲ့သည်။ ထိုကျေးဇူးတရားကို အောက်မေ့သောကြောင့် ချန္ဒရာမိသားစုက ရပ်ကွက်ကလေးကို မည်သည့်အခါ စွန့်ခွာမသွားဟုဆိုသည်။ ထို့ပြင် ရပ်ကွက်၏ သာရေး၊ နာရေးကိစ္စများတွင် ချန္ဒရာက ထိပ်ဆုံးက ထည့်ဝင်လှူဒါန်းလေသည်။

# ကျောက်ဆည်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ မြစ်သားမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် တောင်သူများနှင့်တွေ့ဆုံပြီး သီးနှံများ ပြန်လည်ကုစားခြင်းနှင့် မျိုးစေ့များ ထောက်ပံ့



ကျောက်ဆည် အောက်တိုဘာ ၁၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေများဝင်ရောက်မှုကြောင့် လယ်ယာမြေများတွင် ရေများဝင်ရောက်ခဲ့ရာ ယမန်နေ့ နံနက်ပိုင်းက ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မြစ်သားမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် တောင်သူများနှင့်တွေ့ဆုံပြီး ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်သော စပါးသီးနှံစိုက်ခင်းများ ပြန်လည်ကုစားခြင်းနှင့် မျိုးစေ့များ ထောက်ပံ့ပေးခဲ့သည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ မြစ်သားမြို့နယ်များမှ မြို့နယ်ဦးစီးမှူးများနှင့်ဝန်ထမ်းများက မြစ်ရေဝင်ရောက်သည့်ကျေးရွာများသို့ ကွင်းဆင်း၍ တောင်သူများနှင့် တွေ့ဆုံကာ ရေဝင်ရောက်ခဲ့သည့် သီးနှံစိုက်ခင်းများ ရေကျပြီးနောက် ပုံမှန်အခြေအနေရောက်ရှိပါက ယူရီးယား၊ ပိုတက်စီယမ်များ သဘာဝမြေဩဇာများဖြစ်သည့် နွားချေးမှုန့်၊ မြေမှုန့်အခြောက်များ ရွက်ဖျန်းအားဆေးရည်များအား အပင်အခြေအနေအပေါ်မူတည်၍ ပက်ဖျန်းခြင်းများ ပြုလုပ်ပြီး ပျက်စီးဆုံးရှုံးမှုများသော သီးနှံစိုက်ခင်းများအား ဒေသရေမြေ ရာသီဥတုနှင့် သင့်တော်မည့် အခြားသီးနှံများ ပြောင်းလဲ စိုက်ပျိုးခြင်းများ ပြုလုပ်ကြရန် အသိပညာပေးဆွေးနွေးခဲ့ပြီး မျိုးစေ့များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၄၈၅)**



# ရေဘေးသင့်ခဲ့သော အိမ်ထောင်စုဝင်များအား ကယ်ဆယ်ရေးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများနှင့် ထောက်ပံ့ငွေပေးအပ်

ကျောက်ဆည် အောက်တိုဘာ ၁၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ယမန်နေ့ နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်အတွင်း ရေဘေးသင့်ခဲ့သော အိမ်ထောင်စုဝင်များအား ကယ်ဆယ်ရေးပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေထောက်ပံ့မှု တန်ဖိုးငွေကျပ် ၂၀၇၆၆၅၆၀ အား လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားတွင် ကျောက်ဆည်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူးက မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး မြေနိမ့်ပိုင်းရှိ ရပ်ကွက်၊ ကျေးရွာအချို့တွင် ရေများဝင်ရောက်ခဲ့ပြီး လူနေအိမ်များ ပျက်စီးခဲ့သည်အထိဖြစ်ပေါ်ခဲ့သောကြောင့် လူနေအိမ်များ ပြန်လည်ဆောက်လုပ်နေနိုင်ရေးနှင့် စားသောက်ရေးအဆင်ပြေစေရေး၊ စားသောက်စရိတ်များ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မင်းနှင့်အတူ ကျေးရွာအုပ်စု ၁၆ အုပ်စု၊ ကျေးရွာ ၁၇ ရွာ၌ ရေမျောပျက်စီးခဲ့သည့် အိမ်ခြေ ၈၅ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၈၅၀၀၀၀၀၊ တစ်စိတ်တစ်ပိုင်း ပျက်စီးအိမ်ခြေတစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းငွေကျပ် ၅၀၀၀၀၊ စုစုပေါင်း အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၈၅၅၀၀၀၀ နှင့် အိမ်ထောင်စု ၈၅ စုစာ တန်ဖိုးငွေကျပ် ၁၂၂၁၆၅၆၀ ရှိ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး၊ စုစုပေါင်း ကယ်ဆယ်ရေးပစ္စည်းနှင့် အိမ်ဆောက်ပစ္စည်း ထောက်ပံ့မှုတန်ဖိုးငွေကျပ် ၂၀၇၆၆၅၆၀ အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ကျော်မင်းနှင့်အတူ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၈၅)**

# ကျေးလက်အညာဒေသများတွင် ရာသီစာမှိုများ ခူးယူရရှိခြင်းဖြင့် မိသားစုအပိုဝင်ငွေ ရရှိ

**နတ်မောက် အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်အတွင်း ကျေးရွာများရှိ ဒေသနေပြည်သူအများစုသည် မိုးဦးကျကာလတွင် တောတောင်များနှင့် မိမိတို့၏ နေအိမ်ခြံဝင်းများ၌ သဘာဝအလျောက် ထွက်ရှိသော ရာသီစာမှိုများ ရှာဖွေရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိကြောင်း ရောင်းချသူများထံက သိရသည်။

ဒေသနေပြည်သူအများစုသည် မိုးဦးကျကာလတွင် မိမိတို့ရဲ့ တောင်သူလုပ်ငန်းနားချိန်များ၌ တောတောင်အတွင်းရှိ မြေလွတ်မြေရိုင်းများ၊ ဥယျာဉ်ခြံမြေများနှင့် ယာမြေအနီးဝန်းကျင်များတွင် သဘာဝအလျောက် ထွက်ရှိသော မှိုများအား ရှာဖွေခူးယူ၍ မိသားစုဟင်းစားအတွက် အနည်းငယ်ချန်ကာ ကျေးရွာနှင့် မြို့မဈေးများသို့ လိုက်လံရောင်းချကြောင်း၊ တွေ့ရှိသည့် မှိုများပေါ်မူတည်၍ အစည်းအဖြစ်လည်းကောင်း၊ အလေးချိန်ဖြင့် လည်းကောင်း ရောင်းချရကြောင်း၊ "အခုကျွန်တော်တို့ရရှိလာတာကတော့ ဝါးပင်ဘေးမှ ထွက်ရှိတဲ့ ဝါးရုံမှိုပဲ ဖြစ်ပါတယ်။ ဝါးရုံမှိုရောင်းချရာတွင် တစ်ပိသာလျှင် ငွေကျပ် ၂၀၀၀၀ ရောင်းချရတဲ့တွက် မိသားစုစားဝတ်နေရေးကို အထောက်အကူပြုတာပေါ့ဗျာ" ဟု လျော်တောင်ကျေးရွာ ကိုအောင်ထံက သိရသည်။**(အပေါ်ယာပုံ)မှူမှူစန်း**



# ပုလင်းဆည်၊ စွန်ဆည်နှင့် ဆဒ္ဒန်ဆည်ရေလှောင်တမံ ရေပိုလွှဲတို့မှ ဆက်လက်ရေကျော်ကျ

**မြို့သစ် အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် အောက်တိုဘာ ၁ ရက် ညနေပိုင်းက စတင်၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ယမန်နေ့ နံနက် ၁၀ နာရီ ဆည်ရေတိုင်းထွာချက်အရ ပုလင်းဆည်၊ စွန်ဆည်နှင့် ဆဒ္ဒန်ဆည် ရေလှောင်တမံရေပိုလွှဲတို့မှ ဆက်လက်ရေကျော်ကျလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေ အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ပုလင်းဆည်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် (၆၈၅)ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ (၆၈၅ ဒသမ ၈၀)ပေရှိသည့်အတွက် ရေပိုလွှဲမှ ( ၀ ဒသမ ၈ ပေ)၊ စွန်ဆည်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ( ၆၂၅ ) ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ (၆၂၅ ဒသမ ၆၀) ပေရှိသည့်အတွက် ရေပိုလွှဲမှ (၀ ဒသမ ၆ ပေ)၊ ဆဒ္ဒန်ဆည်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် (၅၆၀ ဒသမ ၅၀) ပေဖြစ်ပြီး လက်ရှိ ရေမှတ်မှာ( ၅၆၁ ဒသမ ၁၀)ပေရှိသည့်အတွက် ရေပိုလွှဲမှ (၀ ဒသမ ၆ပေ)ရေကျော်ကျလျက်ရှိကြောင်း၊ ပုလင်းဆည်၊ စွန်ဆည်နှင့် ဆဒ္ဒန်ဆည်ရေလှောင်တမံရေပိုလွှဲတို့မှ ရေကျော်ကျမှုရှိသော်လည်း ဆည်၏ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်သည့်အတွက် စိုးရိမ်စရာအခြေအနေမရှိကြောင်းနှင့် ဆည်အခြေအနေနှင့်ပတ်သက်၍ ဝန်ထမ်းများအား အလှည့်ကျရေကင်းတာဝန်ချထားကာ ဆည်အောက်ပိုင်းရှိ ကျေးရွာနေ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ထက်ထံမှ သိရသည်။ **(အောက်ပုံ)**

**ဝင်းအိစွန် (ပြန်/ဆက်)**



# သီတင်းကျွတ် ဆင်ဆွဲပွဲအတွက် ကြိုတင်ပြင်ဆင်



**မိုင်းယောင်း အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် သီတင်းကျွတ်ဆင်ဆွဲပွဲအတွက် ဆင်ရုပ်များ ပြုလုပ်ခြင်း၊ အကတိုက်ခြင်းများစသည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ရပ်ကွက်၊ကျေးရွာများ၌ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

မိုင်းယောင်းမြို့နယ်တွင် သီတင်းကျွတ်မီးထွန်းပွဲနှင့်အတူ ဆင်ဆွဲပွဲကို ကျင်းပလေ့ရှိပြီး မြင်းရုပ်၊ ငှက်ရုပ်နှင့် အခြားအရုပ်များ၊ ရွှေအိုး၊ ငွေအိုးများ အထူးသဖြင့် ဆင်ရုပ်များပြုလုပ်ပြီး ၎င်းအရုပ်ပေါ်မှ သင်္ကန်းများ၊ စောင်များ၊ ပိတ်များ၊ သံဃာတော်အသုံးအဆောင်ပစ္စည်းများ၊ ငွေပဒေသာပင်များကို သီကုံးဆင်ယင်ပြီး ဆင်ဆွဲပွဲလက်ခံကျင်းပသည့် ရပ်ကွက်၊ ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ အိုးစည်ဗုံမောင်းများ တီးခတ်ကာ ကောင်းမှုအတွက် ရည်စူး၍ ပို့ဆောင်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ဆင်ဆွဲပွဲသည် ဝေသန္တရာမင်း၏ ဆင်နှင့် ရွှေငွေပစ္စည်းများ ပေးကမ်းစွန့်ကြဲလှူဒါန်းမှုကို အကြောင်းပြု၍ ကျင်းပလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**နန်းစီဖေါင်း(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်တွင် သန်းခေါင်စာရင်း ဆက်လက်ကောက်ယူလျက်ရှိ



**အမရပူရ အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင်၊အမရပူရမြို့နယ်တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုကို အောက်တိုဘာ ၁ရက်နေ့မှ စတင်ကောက်ယူလျက်ရှိရာ အဆိုပါ ကောက်ယူမှု အခြေအနေများအား တာဝန်ရှိသူများက နေ့စဉ်ကွင်းဆင်းကြည့်ရှုအားပေးလျက်ရှိသည်။

အမရပူရမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုကို စာရင်းစစ် ၃၅ဦးနှင့် စာရင်းကောက် ၁၃၁ဦး၊စုစုပေါင်း ၁၆၆ဦးတို့ဖြင့် ကောက်ကွက် ၄၃၈ကွက်အား အောက်တိုဘာ ၁ရက်မှ စတင်၍ ကောက်ယူလျက်ရှိရာ ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုကို ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်း၊ ခရိုင်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဇော်နိုင်မင်းနှင့်ခရိုင်သန်းခေါင်စာရင်းကော်မတီဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွန့်ဦး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းနှင့် ကော်မတီဝင်များက လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အမရပူရမြို့နယ်အတွင်း ကောက်ကွက် (၄၃၈)ကွက်အား အိမ်ထောင်စုကောက်ကွက်အဖွဲ့ ၁၉ဖွဲ့ခွဲ၍ အောက်တိုဘာ ၁၅ ရက်အထိ၊ နေ့စဉ်နံနက် ၈နာရီမှ ညနေ ၄ နာရီထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)(၀၈၄)**



**ပခုက္ကူ အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များသည် အောက်တိုဘာ ၁၀ ရက် နံနက်၇နာရီခွဲက စတင်ပြီး မြို့ပေါ်ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်းကောက်ယူကြသည်။

ထိုသို့ ကောက်ယူရာတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဇော်မင်းထက်၊ ခရိုင်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌဦးနေမျိုးအောင်နှင့် ကော်မတီဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌဦးအောင်စိုးမိုးနှင့် ကော်မတီဝင်များက လှည့်လည်ကြည့်ရှုအားပေးကြပြီး စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက ပခုက္ကူမြို့၊ အမှတ်(၁)နှင့်အမှတ်(၂)ရပ်ကွက်များအတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာစာရင်းများ တိကျမှန်ကန်စွာ ရရှိနိုင်ရေးအတွက် အချက်အလက်ချက်များအား CAPI နည်းပညာဖြင့် Tablet အသုံးပြု၍ တစ်အိမ်တက်ဆင်း လှည့်လည်မေးမြန်းကောက်ယူကြသည်။

ပခုက္ကူမြို့နယ်အတွင်း ရပ်ကွက်ပေါင်း ၁၅ရပ်ကွက်ရှိပြီး စာရင်းစစ်၊စာရင်းကောက်အဖွဲ့ပေါင်း ၁၇ဖွဲ့ဖြင့် ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)(၃၄၀)**

**မကွေး အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၌ ၂၀၂၄ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများအား မြို့နယ်စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက ယနေ့နံနက်ပိုင်းတွင် မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာများတွင် ဆက်လက် ကောက်ယူလျက်ရှိသည်။

ထိုသို့ ကောက်ယူရာတွင် မြို့နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအဖွဲ့ဥက္ကဋ္ဌမြို့နယ် အုပ်ချုပ်ရေးမှူးဦးသန်းထွန်းအောင် နှင့် အဖွဲ့ဝင်များ၊ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆားတောင် ကျေးရွာရှိ အိမ်ထောင်စုများတွင် စာရင်းစစ်၊ စာရင်း ကောက်များမှ ၂၀၂၄ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အား Mobile Tablet အများအသုံးပြု၍ တစ်အိမ်တက်ဆင်းစနစ်ဖြင့် စနစ်တကျကောက်ယူနေမှု အခြေအနေများအား သွားရောက်ကြည့်ရှု အားပေးခဲ့ကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိသည်။



မင်းလှမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရာတွင် ရပ်ကွက်(၆)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၃အုပ်စု၊ ကောက်ကွက်ပေါင်း ၃၁၁ကွက်တို့၌ စာရင်းစစ်၂၅ဦး၊ စာရင်းကောက် ၉၆ဦးတို့ဖြင့် ကောက်ယူလျက်ရှိကြောင်းသိရသည်။ **(ဝဲပုံ)**

**အာကာ(ပြန်/ဆက်)**

**မိုင်းယောင်း အောက်တိုဘာ ၁၁**

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၌ ဇကဒသမနေ့အဖြစ်ယနေ့တွင် ကောက်ကွက်အလိုက် သက်ဆိုင်ရာ စာရင်းစစ်၊ စာရင်းကောက်များက ဆက်လက်ကောက်ယူလျက်ရှိသည်။

**(အောက်ပုံ)**

CAPI နည်းပညာဖြင့် Mobile Tablet အများအသုံးပြုပြီး အိမ်တိုင်ရာရောက် သန်းခေါင်စာရင်းဆိုင်ရာ မေးခွန်းများ မေးမြန်းကောက်ယူနေမှုနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင် ဖြေကြားနေမှုကို ခရိုင်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများကလည်း တစ်အိမ်တက်ဆင်း လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည့် အကူအညီများကို ပံ့ပိုး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နန်းစီဖေါင်း(ပြန်/ဆက်)**



**တမူး အောက်တိုဘာ ၁၁**

၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို အောက်တိုဘာ ၁ရက်မှစ၍ နိုင်ငံတစ်ဝန်းတွင် ကောက်ယူလျက်ရှိရာ တမူးမြို့နယ်၌ အောက်တိုဘာ ၁၀ရက် နံနက်ပိုင်းက ၁၀ရက်မြောက်နေ့အဖြစ် မြို့ပေါ်ရပ်ကွက် (၄)ရပ်ကွက်ဖြစ်သည့် မြို့မရပ်ကွက်၊ ဈေးတန်းရပ်ကွက်၊ စော်ဘွားရပ်ကွက်နှင့်စန္ဒကူးရပ်ကွက်တို့တွင် ဆက်လက်ကောက်ယူလျက်ရှိသည်။

ထိုသို့ ကောက်ယူရာတွင် တမူးမြို့နယ်၌ စာရင်းကောက်ကွက်ပေါင်း ၆၆ကွက်ရှိပြီး သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့ ၆၆ဖွဲ့ဖြင့် အိမ်တိုင်ရာရောက် Tablet ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်းကောက်ယူသည့်စနစ် (Computer Assisted Personal Interviews CAPI) နည်းပညာဖြင့် အိမ်ထောင်စု မေးခွန်းပုံစံ ၆ခု၊ အဖွဲ့အစည်း မေးခွန်းပုံစံ ၁ခုတို့ အသုံးပြု၍ စာရင်းကောက်ယူလျက်ရှိသည်။

အဆိုပါ ၁၀ရက်မြောက်နေ့ စာရင်းကောက်ယူနေမှုများအား ခရိုင်နှင့်မြို့နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် သန်းခေါင်စာရင်းကော်မတီဝင်များက သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးနှင့် လုံခြုံရေးနှင့် ကျန်းမာရေးကိစ္စများအတွက် အနီးကပ်ကြီးကြပ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





## ငှက်ပစ်တောင်ဘုရားသွားစောင်းတန်း ပြိုကျပျက်စီးသည့် နေရာသို့ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ကွင်းဆင်းစစ်ဆေး

**ညောင်ဦး အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့ ငှက်ပစ်တောင်ရပ်ကွက်၊ ငှက်ပစ်တောင်ဘုရားသွားစောင်းတန်း မိုးရွာသွန်းမှုများခြင်းကြောင့် ထနောင်းပင်စောင်းတန်းပေါ်သို့ လဲကျခြင်းကြောင့် ပျက်စီးသွားသည့် စောင်းတန်းအခြေအနေများအား ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက ပြန်လည်ပြုပြင်နိုင်ရေးကို အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်၊ အဖွဲ့ဝင် ဦးဆန်းထွန်းဦး၊ ခရိုင်သာသနာရေးမှူး ဦးနေလင်းသိန်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ ပုဂံဌာနခွဲမှ တာဝန်ရှိသူများသည် စက်တင်ဘာ ၂၀ ရက်က မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ ထနောင်းပင်လဲကျပြီး ငှက်ပစ်တောင်ဘုရားသွားစောင်းတန်း ပြိုကျပျက်စီးခဲ့ခြင်းအား အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေးနှင့် မူလအရှူရှင်များ ပြန်လည်ဆက်သွယ်၍ ပြန်လည်ပြုပြင်နိုင်ပါက ပြန်လည်ပြုပြင်နိုင်ရေး၊ ပြိုကျပျက်စီးမှုတွင် ၈ ပေ ပတ်လည် ၉ ခန်းပျက်စီးခဲ့ကာ သွပ်မိုး၊ အုတ်တိုင်၊ ကွန်ကရစ်ခင်းထားခြင်းဖြစ်ကြောင်း၊ ခေတ်လက်ရာ စောင်းတန်းဖြစ်ပြီး ၁၃၆၀ ပြည့်နှစ်၊ မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ လှူဒါန်းထားခြင်းဖြစ်ပြီး နှစ်ပေါင်း ၂၆ နှစ်ခန့် စောင်းတန်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၁)

## ပွင့်ဖြူမြို့နယ်တွင် Smart Village စီမံကိန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအား ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် စံပြကျေးရွာ၌ ဒေသခံပြည်သူများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် Smart Village စီမံကိန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ စံပြကျေးရွာ၌ Smart Village စီမံကိန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ပြီးစီးသည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းအား ရေရှည်တည်တံ့ ကောင်းမွန်အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ပွင့်ဖြူမြို့နယ် စံပြကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် Smart Village စီမံကိန်းမှ နိုင်ငံတော်ပံ့ပိုးငွေကျပ် ၈ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅ သန်း၊ စုစုပေါင်း ရန်ပုံငွေကျပ် ၁၃ သန်းဖြင့် ကျေးရွာတွင်း လမ်းအရှည် ၄၃၂ ပေအား လမ်းအကျယ် ၁၂ ပေ၊ လမ်းအမြင့်ထု ခြောက်လက်မ ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းပြီး ယခုနှစ် ဩဂုတ် ၂၆ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ စံပြကျေးရွာရှိ အိမ်ခြေ ၆၃၄ အိမ်၊ လူဦးရေ ၃၉၂၀ ဦးအတွက် ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကာ ဒေသထွက် သီးနှံထွက်ကုန်များကိုလည်း ဈေးကွက်သို့ လွယ်လင့်တကူ သယ်ယူပို့ဆောင်ရောင်းချနိုင်မည်ဖြစ်သဖြင့် ကျေးရွာနေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်က ပြောသည်။ (အပေါ်ပုံ)

ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စံပြကျေးရွာတွင် ဒေသခံကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ( SMART Village ) စီမံကိန်းဖြင့် ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး၊ သွင်းအားစုပစ္စည်းများနှင့် ငွေကြေးထောက်ပံ့ကူညီခြင်း၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားစေခြင်း၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးပေးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးစသည့် ခေတ်မီစံပြကျေးရွာထူထောင်ရေး အဓိကလုပ်ငန်းစဉ်(၆)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၄၄၅)

## အခမ်းအနားမှူးသင်တန်း ဖွင့်လှစ်

**မောက်မယ် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများတို့ ပူးပေါင်းပြီး ဌာနဆိုင်ရာဝန်ထမ်းများ စကားပြောစွမ်းရည်မြင့်မားပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ အခမ်းအနားမှူးသင်တန်းကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမိုခမ်းက ကျောင်းသားလူငယ်များ တွေးခေါ်မှုစွမ်းရည်မြင့်မားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အားလပ်ချိန်များတွင် အချိန်ကို ကောင်းစွာအသုံးချတတ်စေရန်၊ နှုတ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်၍ စကားပြောအတတ်ပညာ ကျွမ်းကျင်တတ်မြောက်ပြီး လူအများရှေ့တွင် ရဲဝံ့စွာ ပြောဆိုတတ်စေရန်၊ ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲသည့် သတ္တိများ ရှိလာစေရန်နှင့် ယခုဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်းသည်လည်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့် အခမ်းအနားများ၊ ပြည်နယ်အဆင့် အခမ်းအနားများ၊ ခရိုင်အဆင့် အခမ်းအနားများ၊ မြို့နယ်အဆင့် အခမ်းအနားများ၊ ပညာရေးဌာနမှ ကျင်းပသည့် အခမ်းအနားများတွင် အခမ်းအနားမှူးကောင်းတစ်ဦးဖြစ်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ သင်တန်းမှ သင်ကြားပို့ချပေးမည့် သင်ခန်းစာများကို မှတ်သားလေ့ကျင့်ပြီး ကျောင်း၊ ဌာနဆိုင်ရာများ၌ ကျင်းပသည့် အခမ်းအနားများတွင် လက်တွေ့ ဆောင်ရွက်နိုင်ရန် စာတွေ့၊ လက်တွေ့ လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။



အဆိုပါ အခမ်းအနားမှူးသင်တန်းကို ဦးစီးအရာရှိနှင့် ဒေါ်နန်းလော်ဝ်နွမ်းတို့က သင်ကြားပို့ချပေးမည်ဖြစ်ရာ ဌာနဆိုင်ရာဝန်ထမ်းများ ၁၇ဦး တက်ရောက်ခဲ့ပြီး ၄င်းသင်တန်းတွင် အခမ်းအနားမှူးကောင်းတစ်ဦးတွင် ရှိရမည့် ဝတ်စားဆင်ယင်မှုများ၊ မြန်မာစာ၊ မြန်မာစကားကို ဌာန်ကရိုဏ်းကျကျ၊ အသံထွက်မှန်မှန်၊ သဒ္ဒါမှန်မှန်၊ အဖြတ်အတောက်မှန်မှန်သုံးစွဲနိုင်ရန်၊ ယဉ်ကျေးစွာပြောဆိုတတ်ရန်၊ အသုံးအနှုန်းလေယူလေသိမ်းမှန်ကန်စေရန်နှင့် မိုက်ကရိုဖုန်းအသုံးပြုပုံများကို အောက်တိုဘာ ၁၀ ရက်မှ ၁၁ ရက်အထိ စာတွေ့၊ လက်တွေ့ အနုစိတ် သင်ကြားပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## မိုင်းကိုင်မြို့နယ် ပြည်သူ့ဆေးရုံတွင် အထူးကုဆရာဝန်ကြီးများက အခမဲ့နယ်လှည့်ဆေးကုသမှု ကွင်းဆင်းဆောင်ရွက်

**မိုင်းကိုင် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ် အတွင်း မြို့ပြနှင့်ကျေးလက်နေ ပြည်သူများအားလုံး ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အရည်အသွေး ပြည့်မီစွာ ရရှိစေရန်၊ ဆေးရုံအခြေပြု ကုသရေးလုပ်ငန်းနှင့် ပြည်သူလူထုအတွင်း ကွင်းဆင်းကုသမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ လွိုင်လင်မြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်မိုမို ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မိုင်းကိုင်မြို့နယ် ပြည်သူ့ဆေးရုံ၌ အခမဲ့ နယ်လှည့်ကွင်းဆင်းကုသမှုများ ဆောင်ရွက်ခဲ့သည်။



အထူးကုဆရာဝန်ကြီးများအဖွဲ့၏ ကွင်းဆင်းကုသမှုတွင် အထွေထွေရောဂါသမားတော် ကုသမှု ၁၇၄ ဦး၊ သားဖွားမီးယပ်ကုသမှု ၃၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းကုသမှု ၅၈ ဦးနှင့် အသေးစားခွဲစိတ်မှု တစ်ဦး၊ အရိုးနှင့်ထိခိုက်ဒဏ်ရာကုသမှု ၇၁ ဦးနှင့် အသေးစားခွဲစိတ်မှု တစ်ဦး၊ ခွဲစိတ်ကုသမှု ၂၃ ဦးနှင့် အသေးစားခွဲစိတ်မှု ၄ ဦး၊ စုစုပေါင်း မိဘပြည်သူ ၃၆၃ ဦးတို့ကို အခမဲ့ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများ ပေးခဲ့သည်။

ထိုသို့ ကျန်းမာရေးကွင်းဆင်းကုသမှု ဆောင်ရွက်နေသော အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုင်းထွန်းလှိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များကို ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်ဈေးနှုန်း လေလံခေါ်ယူရောင်းချခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲ၊ မန္တလေးနေ့စဉ်သတင်းစာတိုက်မှ ထွက်ရှိလာသော လုပ်ငန်းသုံးဘေးထွက်ပစ္စည်း၊ သတင်းစာစက္ကူ ရိုက်ပျက်နှင့် လိပ်ခွာပျက်(ဖြူပျက်) (၅ ဒသမ ၆၀၁)တန်ကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်ဈေးနှုန်း လေလံခေါ်ယူရောင်းချမည် ဖြစ်ပါသည်-

| | |
|---|---|
| (က) ရောင်းချမည့်ပစ္စည်းအမျိုးအစားများ | - Thailand နိုင်ငံထုတ် News Print Paper CAS Brite 48.8 gsm အမျိုးအစား |
| (၁) ရိုက်ပျက် | - (၄ ဒသမ ၈၇၉)တန် |
| (၂) လိပ်ခွာပျက်(ဖြူပျက်) | - (၀ ဒသမ ၇၂၂)တန် |
| (ခ) တင်ဒါပုံစံရောင်းချမည့်နေ့ရက် | - ၁၁-၁၀-၂၀၂၄ ရက် |
| (ဂ) တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ | - မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅လမ်းနှင့် ၃၆လမ်းကြား၊ လမ်း၇၀နှင့် ၇၁လမ်းကြား |
| (ဃ) တင်ဒါနောက်ဆုံးတင်သွင်းရန် နေ့ရက်နှင့်အချိန် | - ၂၂-၁၀-၂၀၂၄ ရက် (၁၆:၃၀)နာရီ |
| (င) တင်ဒါရွေးချယ်မည့်နေ့ရက်နှင့်အချိန် | - ၂၅-၁၀-၂၀၂၄ ရက် (၀၉:၀၀)နာရီ |
| (စ) တင်ဒါရွေးချယ်မည့်နေရာ | - မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ (၆)ထပ်ဆောင် အစည်းအဝေးခန်းမ |
| (ဆ) တင်ဒါလျှောက်လွှာတစ်စုံရောင်းချဈေးနှုန်း | - ကျပ် ၂၀၀၀/- |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၉-၂၀၅၁၇၅၂၊ ၀၂-၂၈၄၇၃၉၈၊ ၀၉-၇၉၇၅၇၅၂၇၄ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**

## ကြော်ငြာချက်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အောက်ဖော်ပြပါ ဆိုင်ခန်းများမှ ဆိုင်ခန်းစာအုပ်နှင့် ဆိုင်ခန်းစာအုပ်မိတ္တူများ ထုတ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ (၇)ရက်အတွင်း ဈေးနှင့်သားသတ်ဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဆိုင်ခန်းစာအုပ်နှင့် ဆိုင်ခန်းစာအုပ်မိတ္တူ ထုတ်ယူခွင့်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | ဈေးအမည် | ဆိုင်အမှတ် | မူလအမည်ပေါက် | လျှောက်ထားသူအမည် |
|---|---|---|---|---|
| ၁။ | မန်းမြို့ဈေး | ရုံ(၆)၊ ဆိုင်အမှတ်(၃၂) | ဦးအေးမောင် PTW-၀၀၄၈၆၈ | ဒေါ်စာခြည်လင်း (၉/မဟမ(နိုင်)၀၃၉၂၅၄) |
| ၂။ | ဈေးချို | တောင်-မြောက်တိုက်တန်းကြီး ဆိုင်အမှတ်(၁၃၁) | ဒေါ်ချောချစ်စု (၉/မနမ(နိုင်)၁၂၁၉၁၃) | ဒေါ်ချောချစ်စု (၉/မနမ(နိုင်)၁၂၁၉၁၃) |
| ၃။ | ညောင်ပင်ဈေး | အထည်တန်း၊ ဆိုင်အမှတ်(၂၀) | ဦးသောင်းရင် AE-၁၇၀၃၆၅ | ဒေါ်မမကြီး (၇/ပခန(နိုင်)၃၆၈၄၄၀) |
| ၄။ | မြနန္ဒာဈေး | (E)ရုံ၊ ဆိုင်အမှတ်(၅၇) | ဦးကျော်ဆန်း (၉/စကန(နိုင်)၁၃၈၁၅၂) | ဦးဝင်းနိုး (၅/ရဘန(နိုင်)၀၀၀၁၄၈) |

ဌာနမှူး၊ ဈေးနှင့်သားသတ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၈)၊ ဦးပိုင်အမှတ်(၅၃+၅၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁+၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းစီရှိ ဦးခင်မောင်ဝင်း အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဂိုထောင်အဆောက်အအုံ၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးမျိုးဇေယျာလွင်(ဘ)ဦးခင်မောင်လွင်(၅/ကလထ(နိုင်)၁၄၉၁၇၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန်**

**(တရားလွှတ်တော်ရှေ့နေများ)**

အကွက်(ယ-၆/၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃

## ဦးအောင်ဖေနှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၄)၊ ဦးပိုင်အမှတ်(၃၅)အတွင်းမှ အရှေ့ဘက်ခြမ်း ဧရိယာ(၂၀×၆၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအောင်ဖေထံမှ ကျွန်မ ဒေါ်သူဇာဝင်း(ဘ)ဦးစိုင်းခမ်းလျှံ(၉/မမန(နိုင်)၀၈၇၆၃၂)က (၅-၇-၂၀၁၅)ရက်နေ့တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ကတိစာချုပ်အရ ဖော်ပြပါမြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ဦးအောင်ဖေက ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ ပျက်ကွက်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအောင်ဖေနှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**အသိပေးကြေညာသူ-**

**ဒေါ်သူဇာဝင်း (၉/မမန(နိုင်)၀၈၇၆၃၂)**

**ဖုန်း ၀၉-၄၀၂၅၂၁၇၅၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၉၂)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ''ဦးတင်ရွှေ''အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ထဲမှ တောင်ဘက်အစွန်ဆုံးခြမ်း၏ မြောက်ဘက်အလယ်စိတ် (၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ''ဦးအောင်သူရထွန်း(ဘ)ဦးထွန်းလင်း''(၉/ခမစ(နိုင်)၀၆၀၈၇၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ပြုလုပ်ထားသည့်မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ငွေ (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂၊ ၀၉-၇၉၄၉၉၄၁၂၃

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၁၄)၊ ဦးပိုင်အမှတ်(၂၁-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ''ဦးတင်ငွေ''အမည်ပေါက် (ဂရန်)မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ''ဒေါ်နွယ်နီဝင်း(ဘ)ဦးကြည်ဝင်း''(၈/ခမန(နိုင်)၁၁၅၃၇၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ပြုလုပ်ထားသည့်မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ငွေ (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂၊ ၀၉-၇၉၄၉၉၄၁၂၃

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၆)၊ ဦးပိုင်အမှတ်(၄၄/က-၁)၊ ဧရိယာ(၀ ဒသမ ၀၀၆)ဧက အကျယ်အဝန်းရှိမြေကွက်မှာ ''ဦးသိန်းလှိုင်''အမည်ဖြင့်ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ''ဦးစိုးလင်း(ဘ)ဦးဂျလာ''(၉/ပဘန(နိုင်)၃၀၅၅၂၅) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေအပြေအကြေကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ပြုလုပ်ထားသည့်မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မိမိဝယ်ယူထားသည့်မြေကွက်ကို လိုအပ်သလို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ငွေ (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂၊ ၀၉-၇၉၄၉၉၄၁၂၃

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၈)၊ ဦးပိုင်အမှတ်(၇၃)၊ ဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိမြေကွက်မှာ ''ဦးလင်း''အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ထဲမှ တောင်ဘက်ခြမ်း(၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ''ဦးသန်းမြတ်စိုး(ဘ)ဦးအောင်မြတ်''(၉/ခမစ(နိုင်)၀၁၂၀၅၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ပြုလုပ်ထားသည့်မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ငွေ (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂၊ ၀၉-၇၉၄၉၉၄၁၂၃

## ဦးအောင်ဖေနှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၄)၊ ဦးပိုင်အမှတ်(၃၅)အတွင်းမှ အနောက်ဘက်ခြမ်း ဧရိယာ(၂၀×၆၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအောင်ဖေထံမှ ကျွန်တော် ဦးစိုင်းလှမြင့်(ဘ)ဦးရန်ကြူချုန်း(၁၃/နခန(ဧည့်)၀၀၀၁၈၉)က (၅-၇-၂၀၁၅)ရက်နေ့တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ကတိစာချုပ်အရ ဖော်ပြပါမြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ဦးအောင်ဖေက ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ ပျက်ကွက်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအောင်ဖေနှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**အသိပေးကြေညာသူ-**

**ဦးစိုင်းလှမြင့်(၁၃/နခန(ဧည့်)၀၀၀၁၈၉)**

**ဖုန်း ၀၉-၄၀၂၅၂၁၇၅၄**

# (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး 18th ASEAN Navy Chiefs' Meeting (18th ANCM) ကျင်းပ နှစ်နိုင်ငံသီးခြားစီ တွေ့ဆုံဆွေးနွေး၊ ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ၊ လေ့လာရေးခရီးများသွားရောက်၊ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံက ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး 18th ASEAN Navy Chiefs' Meeting (18th ANCM) ကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ M-Gallery Hotel ၌ ကျင်းပပြုလုပ်ရာ အစည်းအဝေးသို့ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။



မြန်မာနိုင်ငံက ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး 18th ASEAN Navy Chiefs' Meeting (18th ANCM) ကျင်းပစဉ်။

အစည်းအဝေးအား သဘာပတိ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ဦးဆောင်၍ ကျင်းပခဲ့ပြီး အစည်းအဝေးတွင် အာဆီယံရေတပ်ဦးစီးချုပ်များအတွက် Welcome Video Clip အားပြသသည်။

## ပါဝင်ဆွေးနွေး

ထို့နောက်အစီအစဉ်အရ ဆွေးနွေးပွဲခေါင်းစဉ်ဖြစ်သော "ငြိမ်းချမ်းကြွယ်ဝသောဒေသဆီသို့ တက်ညီလက်ညီ လှော်ခတ်ခြင်း" Sailing Together: Harmony to Peace and Prosperity အား အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရေတပ်ဦးစီးချုပ်များ၊ ဒုတိယရေတပ်ဦးစီးချုပ်များနှင့် လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန၊ ဒုတိယအကြီးအကဲတို့က နိုင်ငံအလိုက် ဆွေးနွေးခဲ့ကြပြီး စင်ကာပူနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံမှ ရေတပ်ဦးစီးချုပ်များက Video Tele-Conference(VTC) ဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံမှ ရေတပ်ဦးစီးချုပ်များက Video Message ပေးပို့၍ လည်းကောင်း ပါဝင်ဆွေးနွေးကြသည်။

ယင်းနောက် သတင်းအချက်အလက် ဖလှယ်ခြင်းအစီအစဉ်နှင့် အနာဂတ်တွင် ဆောင်ရွက်မည့်အစီအစဉ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး၏ ဆုံးဖြတ်ချက်များအား အတည်ပြုကြသည်။

ဆက်လက်၍ သဘာပတိကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း ထိုင်းနိုင်ငံမှ ရေတပ်အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးစဉ်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း က အစည်းအဝေးသို့ တက်ရောက်လာသော အာဆီယံ ရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား နှစ်နိုင်ငံ သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံ ရေတပ်များအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အာဆီယံအဖွဲ့အစည်းအတွင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် နှစ်နိုင်ငံ ရေတပ်များအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အလားတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရေတပ်အကြီးအကဲများ ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့များသည်လည်း သီးခြားတွေ့ဆုံဆွေးနွေးမှုများ အပြန်အလှန်ပြုလုပ်ခဲ့ကြသည်။

## တာဝန်လွှဲပြောင်းပေးအပ်

ညပိုင်းတွင် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (18th ANCM) သို့တက်ရောက်လာကြသည့် ရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက တည်ခင်းဧည့်ခံသောဂုဏ်ပြုညစာစားပွဲကို နေပြည်တော်ရှိ M- Gallery Hotel ၌ ပြုလုပ်ရာ အာဆီယံနိုင်ငံများမှ ရေတပ်အကြီးအကဲများ၊ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ တက်ရောက်ကြသည်။ ညစာစားပွဲအခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး (၁၉) ကြိမ်မြောက် အစည်းအဝေး၏ အလှည့်ကျ အိမ်ရှင်နိုင်ငံဖြစ်သော မလေးရှားနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အား တာဝန်လွှဲပြောင်းပေးအပ်ကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ သူရဲကောင်းဗိမာန်သို့ သွားရောက်၍ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းဖြင့် အလေးပြုခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုခြင်းနှင့် ရတနာဆင်ဖြူတော်များအား ကြည့်ရှုလေ့လာခြင်း၊ ကျောက်မျက်ရတနာပြတိုက်၊ အမျိုးသားပြတိုက် (နေပြည်တော်)နှင့် M-Gallery Hotel ၌ ရေတပ်စခန်း ဌာနချုပ်များမှ ခင်းကျင်းပြသထားသော အမှတ်တရပစ္စည်းအရောင်းဆိုင်များအား ကြည့်ရှုလေ့လာခြင်း၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဗိုလ်ချုပ်ဈေးနှင့် Junction City များသို့ သွားရောက်လေ့လာလည်ပတ်ခြင်းများ ဆောင်ရွက်ကြသည်။

ယနေ့နံနက်ပိုင်းတွင် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး 18th ASEAN Navy Chiefs' Meeting (18th ANCM) သို့ တက်ရောက်ခဲ့ကြသော အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့များသည် နေပြည်တော်မှ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပရီးမီးယားလိဂ်မှ စက်တင်ဘာလအတွက် ပေးအပ်သည့် တစ်လတာဆုများကို မာရက်စ်ကာ၊ ကိုးလ်ပါလ်မာ၊ ဒူရမ်၊ အိုနာနာတို့ ဆွတ်ခူး

**လန်ဒန် အောက်တိုဘာ ၁၁**

ပရီးမီးယားလိဂ်မှ လစဉ်လတိုင်းပေးအပ်လျက်ရှိသည့် စက်တင်ဘာလအတွက် တစ်လတာ ဆုများ ယနေ့တွင် အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ပရီးမီးယားလိဂ်မှ ပေးအပ်သော တစ်လတာဆုများတွင် ချဲလ်ဆီးနည်းပြ မာရက်စ်ကာက အကောင်းဆုံးနည်းပြဆု၊ ချဲလ်ဆီးအသင်း ကွင်းလယ်တိုက်စစ် ကစားသမားကိုးလ်ပါလ်မာက အကောင်းဆုံးကစားသမားဆု၊ အက်စတွန်ဗီလာအသင်းတိုက်စစ်မှူး ဒူရမ်က အကောင်းဆုံးသွင်းဂိုးဆု၊ မန်ချက်စတာယူနိုက်တက် အသင်း ဂိုးသမား အိုနာနာက အကောင်းဆုံး ကာကွယ်မှုဆုတို့ကို အသီးသီး ဆွတ်ခူးခဲ့သည်။

ချဲလ်ဆီးနည်းပြ မာရက်စ်ကာသည် စက်တင်ဘာလအတွင်းက ပရီးမီးယားလိဂ် ၄ ပွဲကိုင်တွယ်ရာ ၄ ပွဲစလုံးရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ရရှိခဲ့ခြင်းဖြစ်သလို၊ ချဲလ်ဆီးကွင်းလယ် တိုက်စစ်ကစားသမား ကိုးလ်ပါလ်မာသည်လည်း ပရီးမီးယားလိဂ် ၄ ပွဲကစားပြီး ၅ ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်ပေးခဲ့ခြင်းကြောင့် အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့သည်။ အက်စတွန်ဗီလာအသင်း တိုက်စစ်မှူး ဒူရမ်မှာမူ အဲဗာတန်အသင်းနှင့် ပွဲစဉ်ကလှလှပပ သွင်းယူခဲ့သော အဝေးကန်ချက်ဖြင့် အကောင်းဆုံးသွင်းဂိုးဆု ရယူနိုင်ခဲ့သလို၊ မန်ချက်စတာယူနိုက်တက်အသင်း ဂိုးသမား အိုနာနာသည်လည်း ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ပွဲစဉ်မှ ပြိုင်ဘက်ကစားသမားနှစ်ဦး၏ ကန်ချက်များကို နှစ်ကြိမ်တိုင်တိုင် ကာကွယ်နိုင်မှုကြောင့် အကောင်းဆုံးကာကွယ်မှုဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(နိုင်ကမ္ဘာ)





